# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်တစ်ဖက်ကမ်းသို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၁၃၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအား သွားရောက်ကြည့်ရှုလေ့လာ

## အရှေ့တောင်အာရှတွင် အစောဆုံး မြို့ပြယဉ်ကျေးမှု (Civilization) သည် ပျူမြို့များဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအတွင်းရှိ အုတ်ရိုးများကို ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးမောင်းဟာ၊ ဦးရွှေကြိမ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကို၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်နှင့်ဇနီး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ❋





မြန်မာ့အလင်း

# ကုန်ထုတ်လုပ်ငန်းများဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်

မြန်မာနိုင်ငံကို သဘာဝသယံဇာတပေါများသည့် တိုင်းပြည်ဟူ၍ ကမ္ဘာကပါ သိရှိကြသည်။ သယံဇာတဟုဆိုရာတွင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်နိုင်သည့် ရေနှင့်မြေတို့လည်း ပါဝင်သည်။ အခြားသော သဘာဝသယံဇာတများမှာ ကုန်ခန်းသွားနိုင်သော်လည်း ရေနှင့် မြေတို့မှာမူ ခိုင်မာမှန်ကန်သော မူဝါဒများချမှတ်၍ စနစ်တကျ ထိန်းသိမ်းကာ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ပါက စိုက်ပျိုးမွေးမြူထုတ်ကုန်များဖြင့် အစားအစာများ ဖူလုံအောင် ထာဝရထုတ်လုပ်ပေးနိုင်သည့် အရင်းအမြစ်များပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နောက်ထပ်အရင်းအမြစ်မှာ လူ့စွမ်းအားအရင်း အမြစ်ဖြစ်သည်။ အလုပ်လုပ်နိုင်သည့်အရွယ် လူ့စွမ်းအားအရင်း အမြစ်ကို ကောင်းစွာပြုစုပျိုးထောင်ပြီး နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင် ပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် မိမိတို့နိုင်ငံရှိ သဘာဝအရင်းအမြစ် များနှင့် လူသားအရင်းအမြစ်များမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ထိထိရောက်ရောက် အသုံးမချနိုင်သည့် အခြေအနေတွင် ရှိနေသည်။ အထူးသဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး ရာတွင် ရင်းနှီးမြှုပ်နှံသူတို့က ကုန်ထုတ်လုပ်မှု ပြုလုပ်မည့်အစား ဆူလွယ်နပ်လွယ်ရှိသော ကုန်သွယ်မှုကိုသာ လုပ်ကိုင်ကြခြင်း ကြောင့်ဟု ယူဆမိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများ စသည့် ကုန်ထုတ်လုပ်မှုများ ပြည်တွင်း၌ ထူထောင်ကြပါမှ၊ ဖွံ့ဖြိုး ထွန်းကားကြပါမှ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများပြီး ပြည်တွင်းစားသုံးနိုင်မှုလည်း တိုးတက်မြင့်မားလာမည် ဖြစ်သည်။ ပြည်တွင်းစားသုံးနိုင်မှုမြင့်မားခြင်းသည် ပြည်တွင်း ဈေးကွက် ကြီးမားကျယ်ပြန့်တိုးတက်လာခြင်း၊ စီးပွားရေး တိုးတက်လာခြင်းပင်ဖြစ်သည်။

သို့ရာတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပ သွင်းကုန်များကို တရားဝင်ရော၊ တရားမဝင်ပါ တင်သွင်းနေ သည့်အတွက် ပြည်တွင်းမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ထိခိုက် နစ်နာဆုံးရှုံးမှုတို့ ဖြစ်ပေါ်နေသည်မှာ ကာလအတန်ကြာပြီဖြစ် သည်။ မိမိတို့နိုင်ငံတွင် ထုတ်လုပ်လျက်ရှိသော စိုက်ပျိုးရေး ထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန်၊ အငယ်စား၊ အသေးစားစက်မှု လက်မှုလုပ်ငန်းများမှ ထုတ်ကုန်များကို ပြည်ပမှ တင်သွင်းလာ သော အလားတူကုန်စည်များက ပြည်တွင်းဈေးကွက်တွင် အနိုင် ယူလိုက်ခြင်းအားဖြင့် ကုန်ထုတ်လုပ်သူ ပြည်တွင်းမှ လုပ်ငန်းရှင် ကိုသာမက ထိုလုပ်ငန်းကို အမှီပြုလုပ်ကိုင်နေကြသည့် ကွင်းဆက် တစ်လျှောက်လုံးမှ အလုပ်လုပ်နေသူများကိုပါ ဘဝပျက်သည်အထိ ထိခိုက်ဆုံးရှုံးနစ်နာစေသည်။

ပြည်ပမှ ကုန်စည်များကို တင်သွင်းရာတွင် ပြည်တွင်းမှ ထုတ်လုပ်သူများနှင့် မှီခိုသူအလုပ်သမားများ ထိခိုက်နစ်နာမှုမရှိ စေရန် မူဝါဒချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ အကောက် ခွန်မဲ့၊ တရားမဝင်လမ်းကြောင်းများ ပိတ်ဆို့တားဆီးရေး၊ အကျင့် ပျက်ဝန်ထမ်းများအား ဖော်ထုတ်၍ ထိထိရောက်ရောက် အရေး ယူနိုင်ရေးတို့ ဆောင်ရွက်ခြင်းနှင့်အတူ ပြည်တွင်းကုန်ထုတ်လုပ် မှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ လုပ်ငန်းများထူထောင်နိုင်ရန် အားပေးဖို့လည်း လိုအပ်မည်ဖြစ်သည်။ ပြည်တွင်းကုန်ထုတ်လုပ် မှုလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသော စီးပွားရေး ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ ဘဏ္ဍာရေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ဖြေရှင်းပေးခြင်း၊ လုပ်ငန်းစွမ်းဆောင် ရည်များ မြှင့်တင်ပေးခြင်း၊ အခွန်သက်သာခွင့်များ ဆောင်ရွက်ပေး ခြင်း၊ ဈေးကွက်များထူထောင်ပေးခြင်း၊ အင်တာနက်ကွန်ရက် အသုံးပြု၍ ရောင်းဝယ်နိုင်ရေး ဖန်တီးပေးခြင်းတို့ကို တက်တက် ကြွကြွ ဆောင်ရွက်ပေးရန်လိုသည်။ ပြည်တွင်းကုန်ထုတ် လုပ်ငန်းများ ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသား ရေးအသွင်ဖြင့် ဆောင်ရွက်သွားရန်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် အရင်းအမြစ် များပါလျက်နှင့် များပါလေ လည်း တမွဲမွဲ မဖြစ်သင့်တော့ပြီ။ မြန်မာစာဆိုဆရာကြီး ဇော်ဂျီ ၏ "တို့တိုင်းပြည်" ကဗျာတွင် "ထလော့မြန်မာ၊ မြန်မာထလော့၊ အားမပျော့နှင့်၊ မလျှော့လုံ့လ၊ သူကစ၍ ငါကအားလုံး၊ လက်ရုံး မြားမြောင် ဉာဏ်မြားမြောင်နှင့်၊ စွမ်းဆောင်ကြလေ၊ ဆောင်ကြ လေလော့" ဟူ၍ တိုက်တွန်းနှိုးဆော်ခဲ့သည့်အတိုင်း မိမိတို့၏ သဘာဝ အရင်းအမြစ်၊ လူသားအရင်းအမြစ်များကို အားပြုကာ ကုန်ထုတ်လုပ်ငန်းများဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်ကြ ပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော် ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသား များ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

■ *ကျော့ဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အတွက် ဂုဏ်ပြုယာဉ်များ ချီတက်အလေး ပြုခြင်းနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့အလိုက် ရိုးရာ တေးသီချင်းများဖြင့် ကပြဖျော်ဖြေ မှုတို့ကို အစီအစဉ်အလိုက် လေ့ကျင့် ဆောင်ရွက်ကြမှုကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ထိုသို့ လေ့ကျင့်ဆောင်ရွက် နေမှုများကို (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပ ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌ များ ဖြစ်ကြသည့် ဒုတိယဝန်ကြီး များနှင့် တာဝန်ရှိသူများ၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများက ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးကြသည်။

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်း အနား ကျင်းပနေမှုများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆ နာရီ ၁၅ မိနစ်မှစ၍ MRTV-HD၊ MRTV NRC ၊ MWD ၊ MWD VARIETY ၊ 5 Plus ၊ Readers Channel၊ Skynet Up to Date နှင့် Skynet တိုင်းရင်းသား Channel ၊ မြန်မာ့အသံရေဒီယို အစီအစဉ်၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ပဒ္မဝတီ FM ၊ မန္တလေး FM ၊ ရွှေ FM နှင့် သဇင် FM တို့တွင် တိုက်ရိုက် (LIVE) ရိုက်ကူး ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## " ဤခရီး နီးပါသည် "

❖ ဩော် … ငြိမ်းချမ်းရေး ခရီးရှည်ရဲ့လို့
မညည်းလေနဲ့ အို .. မြန်မာ။

❖ လှိုင်းကြီး လေအောက်
တောင်ကြီး ဖဝါးအောက်
သွားပါများ ခရီးပေါက်လို့
ရောက်ဖို့ သေချာ။

❖ အရေးကြီး သွေးစည်း
အရေးကြုံ သွေးဆုံလို့
ယုံကြည်မှု ရှိစွာ
စုံညီပြု ညှိရာဝယ်
**"အသိ"** မှာ **"သတိ"** မကွာ
**"အရှိ"** အရာတွေ ဖော်ထုတ်။

❖ ပြည်ထောင်စု၏ ညီနောင်ထုသည်
အရောင်မကွဲ တစ်ရောင်တည်းမို့
အနေမကွဲ တစ်မြေတည်းမို့
တွဲလက်ညီညာ အမြဲအတွက်ရည်ကာ
ပြည်မြန်မာ ကောင်းချီးတိုးစေဖို့
ပေါင်းစည်းကြိုးကုတ်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

( နိုင်ငံတော်အစိုးရက ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ် ခြင်းကို ကြိုဆိုဂုဏ်ပြုလျက်-)

## စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်း၊ တံတားနှင့် ရေသန့်စက်ရုံဖွင့်

**စစ်ကိုင်း ဖေဖော်ဝါရီ ၉**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မုံရွာမြို့ နန္ဒဝန် ရပ်ကွက်ရှိ ကတ္တရာလမ်း တစ်လမ်း၊ ကွန်ကရစ် လမ်း ကိုးလမ်း၊ ကွန်ကရစ်တံတား ၁၁ စင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ လမ်းဖွင့်ပွဲ မုခ်ဦးရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီး ကျော်ထွန်းနှင့် တာဝန်ရှိ သူများက နန္ဒဝန်ရပ်ကွက်ရှိ ကတ္တရာလမ်း တစ်လမ်း၊ ကွန်ကရစ်လမ်း ကိုးလမ်း၊ ကွန်ကရစ်တံတား ၁၁ စင်းတို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို သောအားဖြင့် နန္ဒဝန်ဝန်ထမ်းအိမ်ရာအတွင်းရှိ လီတာ ၁၀၀၀ ဆံ့ ရေသန့်စက်ရုံ သုံးရုံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေး ပြီး ရေသန့်စက်ရုံ အမှတ် (၁-၂-၃) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ရှင်းလင်းတင်ပြစဉ်။

*❊ ရှေ့ဖုံးမှ*

တာဝန်ရှိသူတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပြတိုက်ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့၏ သမိုင်းအကျဉ်းနှင့် မြို့ဟောင်းများ၏ မတူးဖော်မီအခြေအနေ၊ တူးဖော်ဆဲအခြေအနေနှင့် တူးဖော်ပြီးအခြေအနေ၊ တူးဖော်ရရှိပြီးနောက် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုး ၃ ရပ်ဖြင့် ကမ္ဘာ့အမွေအနှစ်သတ်မှတ်နိုင်ရေး အဆိုပြုတင်သွင်းခဲ့သည့် အခြေအနေနှင့် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင် ပြုလုပ်သည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက "ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများ"အဖြစ် သတ်မှတ်ခံခဲ့ရသည့် အခြေအနေနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာ နန္ဒာမွန်းက သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ အဆောက်အဦများ၊ နေရာများကို ထိန်းသိမ်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာပျူမြို့ဟောင်း ၃ ခုအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများအဖြစ် သတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**စနစ်တကျထိန်းသိမ်းဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများသည် တန်ဖိုးဖြတ်၍မရသည့်အတွက် ရှေးဟောင်းအမွေအနှစ်နေရာများနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို စနစ်တကျထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်ဇရိယာအတွင်း ရှေးဟောင်းပစ္စည်းများ၊ လက်ရာများကို ထိခိုက်စေနိုင်သည့် လုပ်ငန်းလုပ်ဆောင်မှုများမရှိစေရေး ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး တားမြစ်သင့်သည်များကို တင်းတင်းကျပ်ကျပ် တားမြစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း နားလည်မှုရှိအောင် ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း၊ မြေအောက်တွင်ရှိနေသည့် မြို့ရိုးများနှင့် ရှေးဟောင်းလက်ရာအမွေအနှစ်များသည် ထိခိုက်ပျက်စီးနိုင်မည်ဖြစ်သောကြောင့် တူးဖော်မှုများကို အမြန်ဆုံးဆောင်ရွက်ရန်လိုပြီး အချိန်မီထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ ဆက်လက်တူးဖော်မှုနှင့် ထိန်းသိမ်းမှုများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ **မိမိနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်းဖြင့် တိုင်းပြည်အပေါ်တန်ဖိုးထားမှုနှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်မှု၊ တိုင်းပြည်၏ ရှေးဟောင်းယဉ်ကျေးမှုကို တန်ဖိုးထားဂုဏ်ယူမှုတို့ကို ဖြစ်ပေါ်လာအောင် လုပ်ဆောင်ရမည်ဖြစ်**ကြောင်း၊ နိုင်ငံအတွက်သာမက မကွေးတိုင်းဒေသကြီး၏ အထင်ကရ အထိမ်းအမှတ်နေရာ၊ ကမ္ဘာ့အမွေအနှစ်ဖြစ်သည့်အတွက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

**အရှေ့တောင်အာရှတွင် အစောဆုံး မြို့ပြယဉ်ကျေးမှု (Civilization) သည် ပျူမြို့များဖြစ်ပြီး** ၎င်းပျူမြို့များနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများတွင်လည်း ယဉ်ကျေးမှုသမိုင်းအထောက်အထားများရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ၊ ဗီဇာကာပတ်တနန်မြို့ရှိ Bheemunipatnam တောင်ကုန်းပေါ်ရှိ Thotlakonda Buddhist Complex သို့

*စာမျက်နှာ ၄ သို့*

❒ **မိမိနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်းဖြင့် တိုင်းပြည်အပေါ်တန်ဖိုးထားမှုနှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်မှု၊ တိုင်းပြည်၏ ရှေးဟောင်းယဉ်ကျေးမှုကို တန်ဖိုးထားဂုဏ်ယူမှုတို့ကို ဖြစ်ပေါ်လာအောင် လုပ်ဆောင်ရမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

သွားရောက်လေ့လာခဲ့ရာတွင်လည်း ပျူမြို့ဟောင်းများကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုလက်ရာပုံစံများ၊ ငွေဒင်္ဂါးပြားများနှင့် ယခု ဗိဿနိုးမြို့ဟောင်းတွင် ဧရိယာအကြီးဆုံးတူးဖော်ရရှိသည့် ဘာသာရေးအဆောက်အဦပုံစံနှင့် တူညီသည့် အဆောက်အဦပုံစံများကို တွေ့ရှိလေ့လာခဲ့ရကြောင်း၊ မိမိတို့နိုင်ငံရှိ ပျူမြို့ဟောင်းများအပါအဝင် အခြားရှေးဟောင်းသမိုင်းဝင်နေရာများ၊ အဆောက်အဦများကို ထိန်းသိမ်းရာတွင် အခြားနိုင်ငံများ၏ ထိန်းသိမ်းဆောင်ရွက်နေမှုများမှ အတုယူသင့်သည်ကို အတုယူလုပ်ဆောင်သင့်ကြောင်း၊ **သမိုင်းကို သိမှသာလျှင် မိမိနိုင်ငံ၊ လူမျိုးတို့၏ ယဉ်ကျေးမှုကိုသိမည်၊ တိုင်းပြည်ကို ချစ်မြတ်နိုးမည်၊ တန်ဖိုးထားမည်ဖြစ်သည့်အတွက် သမိုင်းအမွေအနှစ်များကို မပျောက်ပျက်ရန်နှင့် ရေရှည်တည်မြဲမှုရှိစေရန် အစဉ်အဆက် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင်လည်း ရှေးဟောင်းယဉ်ကျေးမှု သမိုင်းအမွေအနှစ်များနှင့် ပတ်သက်သည်များကို ပညာပေးထည့်သွင်းသင်ကြားရန်လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**ယဉ်ကျေးမှုအဆင့်အတန်းမြင့်မား**

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် ဒေါက်တာနန္ဒာမွန်းတို့၏ ဖြည့်စွက်တင်ပြချက်များအပေါ် ဆက်လက်ဆွေးနွေးကြရာ ရှေးဟောင်းသုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရာ၌ ရှေးဟောင်းသုတေသနအမြင်ဖြင့်သာမက ဘူမိဗေဒပညာရပ်အမြင်နှင့် ပထဝီပညာရပ်အမြင်တို့ဖြင့်ပါ ပေါင်းစပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ မြို့ပြယဉ်ကျေးမှုကို ပျူခေတ်(ဘီစီ ၃ ရာစု-၂ ရာစု) ကတည်းက စတင်ခဲ့ပြီး ၎င်းခေတ်ကတည်းက **မိမိနိုင်ငံ၏ ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါဖြစ်မှု၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုတို့ကို စောစောဖော်ထုတ်၍ စုံစုံလင်လင်ပြသနိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန်လို**ကြောင်း၊ ပြည်တွင်း၊ ပြည်ပလေ့လာသူများ ပိုမိုများပြားစွာ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**ခေတ်မီနည်းစနစ်များအသုံးပြု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်းပြသထားရှိသည့် ဗိဿနိုးမြို့ဟောင်းမြေပုံ၊ မြို့ဝင်ပေါက် မြို့ရိုး၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ စာပေဆိုင်ရာအထောက်အထားများ၊ ပျူခေတ်အုတ်များ၊ တော်ဝင်ဗိသုကာများနှင့် ပျူခေတ်အသုံးအဆောင်ပစ္စည်းများ၊ ပြကွက်များကို တစ်ခုချင်းအသေးစိတ် စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဓာတ်ပုံများကို အရည်အသွေးကောင်းမွန်ပြီး မြင်ကွင်းကျယ်သည့် ဓာတ်ပုံများဖြစ်ရန်နှင့် ခုနှစ်၊ သက္ကရာဇ်များ၊ တူးဖော်ရရှိသည့်နေရာများကို အလွယ်တကူ လေ့လာသိရှိနိုင်ရေးအတွက်လည်း ရှင်းလင်းစွာ စာတန်းထိုးထားရန်လိုကြောင်း၊ ရှေးခေတ်လက်ရာ ဒင်္ဂါးပြားများ၊ လက်ဝတ်ရတနာများကို အနီးကပ်ကြည့်ရှုလေ့လာနိုင်ရေး ခေတ်မီနည်းစနစ်များအသုံးပြု၍ LED Screen များဖြင့် လေ့လာကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးထားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးခေတ်အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။

- **သမိုင်းကိုသိမှသာလျှင် မိမိနိုင်ငံ၊ လူမျိုးတို့၏ ယဉ်ကျေးမှုကိုသိမည်၊ တိုင်းပြည်ကို ချစ်မြတ်နိုးမည်၊ တန်ဖိုးထားမည်ဖြစ်သည့်အတွက် သမိုင်းအမွေအနှစ်များကို မပျောက်ပျက်ရန်နှင့် ရေရှည်တည်မြဲမှုရှိစေရန် အစဉ်အဆက် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်**
- **မိမိနိုင်ငံ၏ ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါဖြစ်မှု၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုတို့ကို စောစောဖော်ထုတ်၍ စုံစုံလင်လင်ပြသနိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန်လို**

သည်။

**အုတ်ရိုးများကို ကြည့်ရှုလေ့လာ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအတွင်းရှိ KKG–2 ဘုန်းကြီးကျောင်းပန္နက်ပုံရှိ အဆောက်အဦ၊ KKG–3 စေတီပန္နက်ပုံရှိအဆောက်အဦ၊ KKG–4 ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်အဆောက်အဦ၊ BTO– 1၊ BTO– 2၊ BTO– 3၊ BTO– 4၊ BTO– 5 နန်းတော်ရာအတွင်း၊ အပြင် အုတ်ရိုးများကို ကြည့်ရှုလေ့လာခဲ့ပြီး မြို့ဟောင်းအတွင်းရှိ ရှေးဟောင်းအဆောက်အဦများကို တစ်နေရာနှင့်တစ်နေရာမြင်နိုင်ရန်၊ လျှောက်လမ်းများ၊ လမ်းညွှန်ဆိုင်းဘုတ်များကို စနစ်တကျ ပြုလုပ်ထားရှိရန်နှင့် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

**မူဝါဒနှင့်အညီ ဆက်လက်ထိန်းသိမ်း**

အဆိုပါ ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်တွင်းကြီးမြို့၏ အနောက်ဘက် ၁၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး မြောက်ဘက်တွင် ယင်းချောင်း၊ စတုံချောင်းနှင့် တောင်ဘက်တွင် တောင်ဦးချောင်း၊ ရန်ပယ်ချောင်းတို့ စီးဆင်းလျက်ရှိကာ စိုက်ပျိုးမြေကောင်းမွန်သော ယင်းလွင်ပြင်ဒေသနှင့် တောင်တွင်းကြီးလွင်ပြင်တို့ကို အမှီပြု၍ တည်ဆောက်ထားသည့် အေဒီ(၁) ရာစု မှ အေဒီ(၅)ရာစုအတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့သည့် မြို့ဟောင်းတစ်ခုဖြစ်ကြောင်း၊ ၁၉၀၅ ခုနှစ်တွင် မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာနမှ စူးစမ်းလေ့လာခဲ့ပြီး ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ရှေးဟောင်းကုန်းပေါင်း (၂၅) ကုန်းကို စနစ်တကျ တူးဖော်သုတေသနပြုခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကုန်းပေါင်း(၄၁) ကုန်းကို ထပ်မံတူးဖော်သုတေသနပြုခဲ့ပြီး မြို့ဟောင်းအတွင်း စုစုပေါင်း (၆၆) ကုန်းကို တူးဖော်သုတေသနပြုခဲ့ပြီးဖြစ်ကြောင်း၊ ဗိဿနိုးမြို့ဟောင်းကို တူးဖော်မှုများစတင်စဉ် တူးဖော်မှုကုန်းအမှတ်များကို ကုက္ကိုခွရွာအားအစွဲပြု၍ KKG ဟုအမည်ပေးခဲ့ပြီး ၁၉၉၅ ခုနှစ်မှ စတင်၍ ဗိဿနိုး BTO ဟူသော ကုန်းအမည် အတိုအမှတ်ကို ပြောင်းလဲသုံးစွဲခဲ့ကြောင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ သုတေသနပြုလေ့လာချက်များအရ ခိုင်မာစွာတွေ့ရှိရသော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများကို ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုး(၃)ရပ်ဖြင့် ကမ္ဘာ့အမွေအနှစ်သတ်မှတ်နိုင်ရေး အဆိုပြုတင်သွင်းခဲ့ရာ ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ပြုလုပ်သည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက “ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများ” အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ရန်၊ ထိန်းသိမ်းရန်၊ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုးကို လေးစားချစ်ခင်မြတ်နိုးစေရန် ဟူသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

☀ ညီညွတ်ခြင်းသည် အင်အား တိုင်းရင်းသားများ လက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အသစ်ထပ်မံ ဆောက်လုပ်ထားရှိသည့် သားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ်ကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးပြည်သူ့ဆေးရုံကြီးရှိ အသစ်ထပ်မံ ဆောက်လုပ်ထားရှိသည့် သားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ်ကုသဆောင် သွားရောက်ကြည့်ရှုစစ်ဆေး

- **မကွေးတိုင်းဒေသကြီးအတွင်း နေထိုင်သူများ၏ ပျမ်းမျှလူ့သက်တမ်း(Life Expectancy) သည် ၆၅ နှစ်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ပျမ်းမျှလူ့သက်တမ်းမှာ ၆၇ ဒသမ ၄၂ နှစ်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း မွေးဖွားကလေး သေဆုံးမှုနှုန်း မြင့်မားသဖြင့် ယခု သားဖွားမီးယပ်နှင့်မွေးကင်းစကလေး သုံးထပ်ကုသဆောင် တည်ဆောက်ခြင်းကြောင့် တိုင်းဒေသကြီးအတွင်း များစွာအကျိုးရှိမည်ဖြစ်**
- **၂၀၂၂ ခုနှစ် ဧပြီလအတွင်း မကွေးမြို့သို့ မိမိရောက်ရှိစဉ် ကျန်းမာရေးဝန်ကြီး၏ တင်ပြချက်အရ ဆေးရုံသစ်ကြီးတွင်တပ်ဆင်ရန် ကျန်ရှိနေသည့် ဆေးရုံသုံးပစ္စည်းများ အမြန်ရရှိရေး ဂျပန်နိုင်ငံမှ တာဝန်ရှိသူများနှင့် ချက်ချင်းဆွေးနွေးခဲ့**

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အသစ်ထပ်မံ ဆောက်လုပ်ထားရှိသည့် သားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ်ကုသဆောင်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာသောင်းလှိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းနီလာလှနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက သားဖွားမီးယပ်နှင့် မွေးကင်းစကလေးသုံးထပ် ကုသဆောင်ကြီးအား ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ ဆောက်လုပ်ခဲ့မှုအခြေအနေ၊ ဆေးရုံသစ်ကြီးအတွင်း တပ်ဆင်ရန်ကျန်ရှိသည့် ဆေးရုံသုံးပစ္စည်းများ တပ်ဆင်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေ၊ မကွေးဆေးတက္ကသိုလ်အတွက် သင်ကြားမှုအထောက်အကူပြုစေရန်အတွက် သင်ကြားရေးဆိုင်ရာများနှင့် ပတ်သက်သည့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**များစွာအကျိုးရှိမည်ဖြစ်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **မကွေးတိုင်းဒေသကြီးအတွင်း နေထိုင်သူများ၏ ပျမ်းမျှလူ့သက်တမ်း (Life Expectancy) သည် ၆၅ နှစ်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ပျမ်းမျှလူ့သက်တမ်းမှာ ၆၇ ဒသမ ၄၂ နှစ်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း မွေးဖွားကလေးသေဆုံးမှုနှုန်း မြင့်မားသဖြင့် ယခုသားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ်ကုသဆောင် တည်ဆောက်ခြင်းကြောင့် တိုင်းဒေသကြီးအတွင်း များစွာအကျိုးရှိမည်ဖြစ်**ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ်တွင် မွေးဖွားလူနာ ၂၃၁၈ ဦးရှိကြောင်း၊ မကွေးမြို့သည် အချက်အချာကျသည့် လမ်းဆုံမြို့တစ်ခုဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ **၂၀၂၂ ခုနှစ် ဧပြီလအတွင်း မကွေးမြို့သို့ မိမိရောက်ရှိစဉ် ကျန်းမာရေးဝန်ကြီး၏ တင်ပြချက်အရ ဆေးရုံသစ်ကြီးတွင် တပ်ဆင်ရန်ကျန်ရှိနေသည့် ဆေးရုံသုံးပစ္စည်းများ အမြန်ရရှိရေး ဂျပန်နိုင်ငံမှ တာဝန်ရှိသူများနှင့် ချက်ချင်းဆွေးနွေးခဲ့**ရာ ယခုအခါ ဆေးရုံသုံးပစ္စည်းများ ရောက်ရှိပြီဖြစ်ကြောင်း၊ အဆိုပါ ဆေးရုံသုံးပစ္စည်းများအား ကုသရေးလုပ်ငန်းများတွင် အကျိုးရှိရှိဖြင့် အသုံးချရန်လိုကြောင်း၊ ကျန်ရှိသည့် ဆေးရုံများကိုလည်း အဆင့်မြှင့်တင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကင်ဆာရောဂါကုသရေးအတွက် ဆေးရုံများလိုအပ်ချက်ရှိသောကြောင့် ထပ်မံဆောက်လုပ်နိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံအတွက် လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အရေးပေါ်မီးအတွက် အသုံးပြုနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံးဆိုလာလျှပ်စစ်မီးများ တပ်ဆင်ရန်လိုကြောင်း၊ ဆေးရုံများ တည်ဆောက်ရာတွင် ကျစ်ကျစ်လျစ်လျစ်ဖြင့် အကျိုးရှိစွာအသုံးချနိုင်ရေး စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်မြို့၌ မြန်မာနိုင်ငံ ကလေးများနေ့အကြို ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပြည် ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်မူလတန်းကြိုကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက မြန်မာနိုင်ငံကလေးများနေ့အကြို ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တစ်ဦးချင်း ကဗျာရွတ်ပြိုင်ပွဲနှင့် အဖွဲ့လိုက် တေးကဗျာသီဆိုပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဒိုင်အဖွဲ့က အကဲဖြတ် အမှတ်ပေးသည်။ ထို့နောက် ပြည်ခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာစိန်တို့က မြန်မာနိုင်ငံကလေးများနေ့အကြို ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်မူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်လေးများက တက်ရောက်လာသူများအား တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ အပြေးပြိုင်ပွဲ၊ လက်ချောင်းပန်းချီ၊ ဆေးရောင်ခြယ်၊ အာလူးကောက်၊ မုန့်စား၊ အရုပ်ထောင်ပြိုင်ပွဲနှင့် ကဗျာရွတ်နှင့် အဖွဲ့လိုက်တေးကဗျာသီဆိုပြိုင်ပွဲအစရှိသည့် ကာယဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်ကလေးများကို တာဝန်ရှိသူများက ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး မူကြိုအရွယ်သားငယ်၊ သမီးငယ် ၅၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

ပေါင်းစုစွမ်းအား
မြန်ပြည် တစ်လွှား
အစဉ်ရှေးရှု
ပြည်ထောင်စု။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးမြို့ မြို့တော်ခန်းမ၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံစဉ်။

# တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါ်များရေးအတွက် မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မိမိတို့ဒေသတိုးတက်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စိုက်ပျိုးရေးတောင်သူများအား ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးမောင်းဟာ၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ ထွက်ကုန်များ ထုတ်လုပ်နိုင်မှု၊ စားသုံးဆီထုတ်လုပ်မှုနှင့်ဖူလုံမှု၊ စိုက်ပျိုးမွေးမြူရေး အထောက်အကူပြုနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးထုတ်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဝါသီးနှံများအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လျှပ်စစ်မီး မရရှိသေးသည့် ကျေးရွာများ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးနေမှု၊ ပညာသင်ကြားရေးပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ရာနှုန်းပြည့်နီးပါး တာဝန်ထမ်းဆောင်နေမှု၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ကုသရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ နိုင်ငံသားစိစစ်ရေးကတ်များရရှိရေး ဆောင်ရွက်နေမှု၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ သောက်သုံးရေဖူလုံမှုရှိစေရေး ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ ဝါနှင့် ကြက်သွန်စိုက်တောင်သူများက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လယ်ယာသုံးစက်ကိရိယာများ လိုအပ်မှု၊ သွင်းအားစုများ၊ မြေဩဇာများ လိုအပ်မှု၊ ပြည်ပသို့ စိုက်ပျိုးရေးထွက်ကုန်များနှင့် ထုတ်ကုန်များ တင်ပို့ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ သီးနှံစိုက်ပျိုးရေးပညာရှင်များက စိုက်ပျိုးရေးအထွက်နှုန်း တိုးတက်စေရေးအတွက် ဆောင်ရွက်သင့်သည့် အခြေအနေနှင့် အခြားလိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကြိုးပမ်းဆောင်ရွက်**

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးတင်ထွဋ်ဦး၊ ဦးကိုကို၊ ဦးလှမိုး၊ ဦးအောင်သန်းဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်တို့က သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားရာ မကွေးတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အစိုးရ အဆက်ဆက် နှစ်အလိုက် စီမံချက်ချဆောင်ရွက်ခဲ့မှု၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ခရီးသွားများ လာရောက်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးတောင်သူများကို သမဝါယမအသင်းများဖွဲ့စည်းဆောင်ရွက်၍ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးမည့် အခြေအနေ၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းသင်တန်းများဖွင့်လှစ်၍ အသက်မွေးပညာသင်တန်းများ သင်ကြားပေးမည့်အခြေအနေ၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ဓာတ်မြေဩဇာစက်ရုံများ လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် အဓိကအားဖြင့် မကွေးတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ရှိကြောင်း၊ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ကျေးလက်တွင်နေထိုင်ကြကြောင်း၊ အဓိကအားဖြင့် ပဲ၊ နှမ်း၊ ဝါနှင့် ကြက်သွန်များကို စိုက်ပျိုးကြကြောင်း၊ အလားတူမွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပဲမျိုးစုံနှင့် နှမ်းကိုစိုက်ပျိုးကြကြောင်း၊ မြေပဲနှင့် နှမ်းတို့မှ

စာမျက်နှာ ၇ သို့

❖ **မကွေးတိုင်းဒေသကြီးအတွင်း ရောဝတီမြစ်ရေအားထိန်း၍ရသည့်နေရာများရှိပြီး အဆိုပါနေရာများ၌ တမံနိမ့် (Low head Dam)များဆောက်လုပ်၍ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို သွားလာမှု မပြတ်စေဘဲ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်၍ရနိုင်**

❖ **အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အတန်းပညာရှိရေးအတွက် အရေးကြီးကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း အနည်းဆုံး ၉ တန်းအောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးကျောင်းများကို တက်ရောက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို ပိုမိုတတ်ကျွမ်းမည်**

*စာမျက်နှာ ၆ မှ*

ဆီများထုတ်လုပ်သကဲ့သို့ အခြားထုတ်ကုန်များတွင်လည်း အသုံးပြုကြကြောင်း၊ ပြည်ပသို့တင်ပို့မှုများလည်းရှိကြောင်း၊ ဆီထွက်နှုန်းများတွင် နှမ်းသည် အနည်းဆုံးဖြစ်ပြီး မြေပဲမှာ နှမ်းထက် ဆီထွက်နှုန်းများပါကြောင်း၊ အထွက်နှုန်းများတိုးအောင် ဆောင်ရွက်နိုင်ပါက အကျိုးပိုမိုဖြစ်ထွန်းမည်ဖြစ်ကြောင်း။

**စိုက်နည်းစနစ်များ မှန်ကန်ရန်လို**

အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်ကြောင်း၊ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် ဓာတ်မြေဩဇာများ ထည့်သွင်းရန်၊ ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများတွင်လည်း တိရစ္ဆာန်များကို အာဟာရပြည့်ဝစွာ ကျွေးမွေးရန်လိုကြောင်း၊ စိုက်ပျိုးမြေများ ရေရရှိရေးအတွက် ရှိပြီးဖြစ်သည့် ဧရာဝတီမြစ်ကို စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း လယ်စိုက်ဧကပေါင်း ခြောက်သိန်းကျော်၊ အခြားစိုက်ပျိုးဧကပေါင်း ၂ ဒသမ ၂ သန်းကျော် ရှိကြောင်း၊ ရေကို အကျိုးရှိစွာ အသုံးချရန် လိုသကဲ့သို့ နေရောင်ခြည်စွမ်းအင်ကိုလည်း အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း မိုးရွာရက်မှာ ပျမ်းမျှ ရက် ၇၀ သာရှိသဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းမှ စိုက်ပျိုးမြေများအတွက် လိုအပ်သည့် ရေများရရှိရေး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်၍ရသဖြင့် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ **မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ် ရေအားထိန်း၍ရသည့် နေရာများရှိပြီး အဆိုပါနေရာများ၌ တမံနိမ့် (Low head Dam) များ ဆောက်လုပ်၍ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို သွားလာမှုမပြတ်စေဘဲ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး ဆောင်ရွက်၍ရနိုင်ကြောင်း။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြသလွန်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး မြသလွန်စေတီတော် ဘုရားဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**မြေဩဇာရရှိရေး**

မြေဩဇာရရှိရေးနှင့်ပတ်သက်၍ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နွားအကောင်အရေ ပေါင်း ၁ ဒသမ ၃ သန်းကျော်၊ ကျွဲအကောင်အရေပေါင်း ၃ သောင်း ၈ ထောင်ကျော်၊ အသားစားကြက် ၁ ဒသမ ၆ သန်း၊ ဥစားကြက် ၂ သိန်းကျော်၊ ဒေသကြက် ၃ သန်း ၃ သိန်းကျော်ရှိကြောင်း၊ အဆိုပါ တိရစ္ဆာန်များမှ ထွက်ရှိသည့် နွားချေး၊ ကျွဲချေး၊ ကြက်ချေးများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချ၍ရကြောင်း၊ နိုင်ငံတကာတွင်လည်း အဆိုပါ နွားချေး၊ ကျွဲချေး၊ ကြက်ချေးများကို ဇီဝမြေဩဇာအဖြစ် အသုံးပြုကြကြောင်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လှောင်မွေးသည့်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ဇီဝမြေဩဇာများ ရရှိနိုင်ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် တိရစ္ဆာန်အစာအတွက် အခြေခံကုန်ကြမ်းများ ပေါများကြောင်း၊ နံစားပြောင်းနှင့် ကောက်ရိုးများကို စနစ်တကျဖြင့် ပြုပြင်ပြီး တစ်နှစ်ပတ်လုံး တိရစ္ဆာန်အစားအစာ လုံလောက်စေရေး (ဥပမာ-ပြောင်း၊ ကောက်ရိုး ချဉ်ဖတ်ပြုလုပ်ခြင်း)များ ပြုလုပ်၍ရကြောင်း။

**ပညာတတ်များပေါများရန်လို**

ဆိတ်မွေးမြူရေးနှင့် ပတ်သက်၍လည်း မကွေးတိုင်းဒေသကြီးအတွင်း မွေးမြူသည့် ထိန်စန်းမျိုးမှာ အသားထွက်နှုန်းကောင်းပါကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများရှိကြောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများလည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များကို ဇန်နဝါရီ ၆ ရက်မှ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါများရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ အားနည်းပြီး အတန်းပညာတတ်မြောက်မှုများ အားနည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေမှုများ မရှိသည်ကို တွေ့ရှိရကြောင်း။

**လူမှုဘဝဖွံ့ဖြိုးတိုးတက်စေမည်**

အတန်းပညာရှိမှသာ အတတ်ပညာရှိမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အတန်းပညာရှိရေးအတွက် **အရေးကြီးကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း အနည်းဆုံး ၉ တန်းအောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးကျောင်းများကို တက်ရောက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို ပိုမိုတတ်ကျွမ်းမည်ဖြစ်ကြောင်း၊** သို့မှသာ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၁၀ သို့*

◆ **စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားမြေပေါ်တွင် စနစ်တကျဖြင့် စိုက်ပျိုးပြီး အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန်လို**

◆ **မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှ ချည်မျှင်များ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် အဆင့်မီသည့် ဝါဂွမ်းများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်**

# ဒီမိုကရေစီဆိုတာ . . .

ကျော်ကျော်လှိုင် ( SMART )

ဒီမိုကရက်တစ် အစိုးရတစ်ခုအတွက် လိုအပ်သည့်အခြေခံအချက်များကို ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အမျိုးမျိုးသတ်မှတ်ကြပါသည်။ ဤအခြေခံအချက်များသည် ဒီမိုကရေစီ ပြည့်ဝသော လူ့အဖွဲ့အစည်းအတွက် အလွန်လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် အခြားနိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရက်တစ် အစိုးရတစ်ခုအတွက် လိုအပ်သည့်စံနှုန်းများ ထပ်တူတပ်မျှ တူညီချင်မှ တူညီမည်ဖြစ်သော်လည်း အောက်ဖော်ပြမည့် အခြေခံအချက်များအားလုံးလိုလို ပြည့်စုံမှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံကို တည်ထောင်နိုင်ပါမည်။

**၁။ နိုင်ငံသားတိုင်း ပါဝင်မှု**

နိုင်ငံသားများ အစိုးရအဖွဲ့တွင် ပါဝင်ခွင့်ရှိခြင်းသည် ဒီမိုကရေစီ၏ အရေးပါသော အချက်ဖြစ်ပါသည်။ နိုင်ငံသားများပါဝင်ခြင်းသည် အခွင့်အရေးထက် တာဝန်ဖြစ်ပါသည်။ ပါဝင်ခြင်းဟုဆိုရာတွင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးခြင်း၊ လူထုဆွေးနွေးပွဲများကို တက်ရောက်ခြင်း၊ လူမှုရေး အဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ အခွန်ပေးဆောင်ခြင်း ၊ မီတာခပေးဆောင်ခြင်း စသည်တို့ ဖြစ်ပါသည်။ နိုင်ငံသားတိုင်းပါဝင်မှသာ ပြည့်စုံကောင်းမွန်သော ဒီမိုကရေစီဖြစ်ပါမည်။

**၂။ တန်းတူညီမျှမှု**

နိုင်ငံသားတိုင်း တန်းတူညီမျှမှုရှိရမည်။ နိုင်ငံသားတစ်ဦးသည် လူမျိုးကြောင့်သော်လည်းကောင်း၊ ဘာသာကြောင့်သော်လည်းကောင်း၊ ကျား/မ ကွဲပြားမှုကြောင့်သော်လည်းကောင်း၊ ကိုယ်ခန္ဓာ ချို့ယွင်းမှုကြောင့်သော်လည်းကောင်း ခွဲခြားဆက်ဆံမှုမရှိစေဘဲ တန်းတူညီမျှသော အခွင့်အရေးရရှိရပါမည်။ တစ်ဦးချင်းဖြစ်စေ၊ လူမျိုးစုတစ်စုဖြစ်စေ ကွဲပြားခြားနားသော ယဉ်ကျေးမှု၊ ဘာသာစကားနှင့် မိရိုးဖလာ ယုံကြည်မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိရပါမည်။

**၃။ နိုင်ငံရေး သဘောထားကြီးမှု**

ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းများသည် နိုင်ငံရေး သဘောထားကြီးမှု ပြည့်စုံရမည်။ ဆိုလိုသည်မှာ အများစု၏ သဘောထားကို လိုက်နာရမည်ဖြစ်သော်လည်း အနည်းစု၏ ရပိုင်ခွင့်များကို အကာအကွယ်ပေးရပါမည်။ အနိုင်ရသည့်ပါတီ မဟုတ်သည့် ပါတီငယ်များသည် သဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိရပါမည်။ နိုင်ငံသားတိုင်းသည်လည်း မိမိနှင့်သဘောထားမတူသည့် အမြင်များကို သဘောထားကြီးစွာ လေးစားအသိအမှတ်ပြုရမည်။ ကိုယ်နှင့်မတူ ကိုယ့်ရန်သူဟု သတ်မှတ်ခြင်းသည် ဒီမိုကရေစီ မဟုတ်ပါ။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ သရုပ်ဖော်ပုံ။

❍ နိုင်ငံသားများ အစိုးရအဖွဲ့တွင် ပါဝင်ခွင့်ရှိခြင်းသည် ဒီမိုကရေစီ၏ အရေးပါသော အချက်ဖြစ်ပါသည်။ နိုင်ငံသားများ ပါဝင်ခြင်းသည် အခွင့်အရေးထက် တာဝန်ဖြစ်ပါသည်။ ပါဝင်ခြင်းဟုဆိုရာတွင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးခြင်း၊ လူထုဆွေးနွေးပွဲများကို တက်ရောက်ခြင်း၊ လူမှုရေးအဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ မီတာခပေးဆောင်ခြင်း စသည်တို့ဖြစ်ပါသည်။ နိုင်ငံသားတိုင်းပါဝင်မှသာ ပြည့်စုံကောင်းမွန်သော ဒီမိုကရေစီဖြစ်ပါမည်

**အထူးသဖြင့် တိုင်းရင်းသားပေါင်းစုံနှင့် စုစည်းထားသော မြန်မာနိုင်ငံတွင် လူမျိုးကွဲပြားမှု၊ ဘာသာရေးကွဲပြားမှု၊ ယဉ်ကျေးမှု ကွဲပြားမှုတို့ များစွာရှိပါမည်။ အမြင်များလည်း ကွဲပြားခြားနားပါမည်။ ကွဲပြားခြားနားမှုသည် အားဖြစ်ပါသည်။ အားကြီးသည့် လူများစု၊ အနိုင်ရသည့်ပါတီက လူနည်းစု သို့မဟုတ် အတိုက်အခံပါတီ၏ အခွင့်အရေးများကို လက်မခံခြင်း၊ ဖြိုဖျက်ရန် ကြိုးစားခြင်းသည် ဒီမိုကရေစီကို ဖြိုလှဲခြင်းဖြစ်ပါသည်။**

ဒီမိုကရေစီ၏ ရည်မှန်းချက်မှာ လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံးအရာများကို ဖော်ဆောင်ပေးမည့် ဆုံးဖြတ်ချက်များ ချရန်ဖြစ်ပါသည်။ ဤသို့လုပ်ဆောင်ရန်အတွက် နိုင်ငံသားတိုင်း၏ အမြင်နှင့် သဘောထားကိုသိရန်နှင့် လေးစားရန်အရေးကြီးပါသည်။ ဆွေးနွေးခွင့်၊ ငြင်းခုံခွင့်၊ မေးခွန်းထုတ်ခွင့်များရရှိခဲ့လျှင် သဘောမတူသည့် ဆုံးဖြတ်ချက်ဖြစ်သည့်တိုင် လူနည်းစုက လက်ခံလာမည်ဖြစ်ပါသည်။

◆ အထူးသဖြင့် တိုင်းရင်းသားပေါင်းစုံနှင့် စုစည်းထားသော မြန်မာနိုင်ငံတွင် လူမျိုးကွဲပြားမှု၊ ဘာသာရေးကွဲပြားမှု၊ ယဉ်ကျေးမှုကွဲပြားမှုတို့ များစွာရှိပါမည်။ အမြင်များလည်း ကွဲပြားခြားနားပါမည်။ ကွဲပြားခြားနားမှုသည် အားဖြစ်ပါသည်။ အားကြီးသည့် လူများစု၊ အနိုင်ရသည့် ပါတီက လူနည်းစု သို့မဟုတ် အတိုက်အခံပါတီ၏ အခွင့်အရေးများကို လက်မခံခြင်း၊ ဖြိုဖျက်ရန် ကြိုးစားခြင်းသည် ဒီမိုကရေစီကို ဖြိုလှဲခြင်းဖြစ်ပါသည်

**၄။ တာဝန်ခံခြင်း**

ရွေးကောက်ခံကိုယ်စားလှယ်များ ပါဝင်သော ရွေးကောက်ခံအစိုးရသည် ပြည်သူကို တာဝန်ခံရပါမည်။ ရွေးကောက်ခံအစိုးရသည် မိမိလုပ်ဆောင်ချက်များကို မှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ တာဝန်ခံရပါမည်။ ပြည်သူ၏အသံကို နားထောင်ပြီး ပြည်သူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရပါမည်။

**၅။ ပွင့်လင်းမြင်သာမှုရှိခြင်း**

အစိုးရသည် ပွင့်လင်းမြင်သာမှုရှိရပါမည်။ အဂတိတရား ကင်းရှင်းရပါမည်။ လူထုအစည်းအဝေးများလုပ်ပြီး အစိုးရ၏ လုပ်ဆောင်ချက်များ ပြည်သူကို အသိပေးရပါမည်။ ဆုံးဖြတ်ချက်များကို မည်သို့ချသည်၊ မည်သူချသည်ကို ပြည်သူနှင့်မီဒီယာအား အသိပေးရပါမည်။ မီဒီယာလွတ်လပ်ခွင့် ရှိရပါမည်။

**၆။ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ခြင်း**

ပြည်သူများက ပြည်သူကို ကိုယ်စားပြုမည့် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်ပါသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲများသည် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရပါမည်။ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကာလတွင် ခြိမ်းခြောက်ခြင်း၊ မဲမသမာမှုပြုလုပ်ခြင်း ၊ မဲစာရင်းမှားခြင်းတို့သည် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ မဖြစ်နိုင်ပါ။ ရွေးကောက်ခံကိုယ်စားလှယ်အားလုံးသည်လည်း အခွင့်အရေး တူညီစွာ မဲဆွယ်စည်းရုံးခွင့် ရရပါမည်။ *စာမျက်နှာ ၉ သို့*



၁၆-၁-၂၀၂၂ရက်က ဒီမိုကရေစီအကြောင်းပြ၍ ကျင့်ဝတ်မဲ့ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားနေသော ရေနံဓာတ်ငွေ့ရည် သယ်ဆောင်သည့်ယာဉ်ကို မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်စဉ်။



ဒီမိုကရေစီအကြောင်းပြ၍ အကြမ်းဖက်သမားများက ပြည်သူ့အကျိုးစီးပွား ထိခိုက်စေရန် ရည်ရွယ်၍ မီးရှို့ဖျက်ဆီးမှုကြောင့် ၉-၁၀-၂၀၂၂ ရက်က ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် သရက်တောမှတ်တိုင်၌ YBS-56 ယာဉ် မီးလောင်မှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၈ မှ*

### ၇။ တရားသော စီးပွားရေး လုပ်ဆောင်ခွင့်

တရားဥပဒေက ခွင့်ပြုထားသော စီးပွားရေး လုပ်ငန်းများကို ပြည်သူတိုင်း လုပ်ပိုင်ခွင့်ရှိရမည်။ ဒီမိုကရေစီနိုင်ငံ အများစုတွင် ဈေးကွက်စီးပွားရေး စနစ်ကို ကျင့်သုံးသည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း(၁)နိုင်ငံတော်အခြေခံ မူများ အပိုဒ် ၃၅ တွင် “မြန်မာနိုင်ငံ၏ စီးပွားရေး စနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်” ဟု ပြဋ္ဌာန်းထားပါသည်။ အစိုးရက စီးပွားရေးဝင်ရောက် လုပ်ခွင့်ရှိသည်၊ မရှိသည်ကတော့ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားမှုများရှိပါသည်။ စီးပွားရေးလုပ်သည့်အခါ တရားသောယှဉ်ပြိုင်မှု ဖြစ်ရန်ကိုမူ အစိုးရက ထိန်းကျောင်းရမည်ဖြစ်ပါသည်။

### ၈။ အာဏာကို အလွဲသုံးစားခြင်း

အာဏာ အလွဲသုံးစားခြင်းကို ကာကွယ်နိုင်မှသာ နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ပါမည်။ အာဏာရှိသူ၊ ဩဇာရှိသူက အာဏာကိုသုံးပြီး

**❊ ဒီမိုကရက်တစ် နိုင်ငံတိုင်းသည် လူ့အခွင့်အရေး ကို လေးစားရပါမည်၊ ကာကွယ်ရပါမည်။ လူ့အခွင့်အရေးဆိုသည်မှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ စုစည်းခွင့်၊ တန်းတူညီမျှမှုအတွက် တောင်းဆိုခွင့်နှင့် ပညာသင်ကြားခွင့်တို့ဖြစ်ပါသည်။ သို့ရာတွင် တစ်ဖက်သားကို ထိခိုက်အောင် ပြောဆို ရေးသားခြင်းသည် ဒီမိုကရေစီစံနှုန်းဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွင် အကျုံးမဝင်ပါ။ ထိုနည်းတူ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ စုစည်းခွင့်တို့သည်လည်း ဥပဒေနှင့်အညီ လုပ်ဆောင်မှသာ ဒီမိုကရေစီစံနှုန်းဖြစ်**

အဂတိလိုက်စားခြင်းများ ပြုလုပ်ခဲ့လျှင် ပြည်သူ့ဘဏ္ဍာများဆုံးရှုံးရမည် ဖြစ်ပါသည်။ နိုင်ငံတော်တော်များများတွင် ဤအချက်ကိုကာကွယ်ရန်၊ တားဆီးရန်၊ အရေးယူရန်၊ လွတ်လပ်သောအဖွဲ့အစည်းများ၊ ကော်မရှင်များ၊ တရားရုံးများဖွဲ့စည်းထားရှိပါသည်။

### ၉။ လူ့အခွင့်အရေး

ဒီမိုကရက်တစ် နိုင်ငံတိုင်းသည် လူ့အခွင့်အရေးကို လေးစားရပါမည်၊ ကာကွယ်ရပါမည်။ လူ့အခွင့်အရေးဆိုသည်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ စုစည်းခွင့်၊ တန်းတူညီမျှမှုအတွက် တောင်းဆိုခွင့်နှင့် ပညာသင်ကြားခွင့်တို့ဖြစ်ပါသည်။ သို့ရာတွင် တစ်ဖက်သားကို ထိခိုက်အောင်ပြောဆိုရေးသားခြင်းသည် ဒီမိုကရေစီစံနှုန်းဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွင် အကျုံးမဝင်ပါ။ ထိုနည်းတူ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ စုစည်းခွင့်တို့သည်လည်း ဥပဒေနှင့်အညီ လုပ်ဆောင်မှသာ ဒီမိုကရေစီစံနှုန်းဖြစ်ပါသည်။

### ၁၀။ ဥပဒေကို လေးစားလိုက်နာခြင်း။

ဒီမိုကရေစီဆိုသည်မှာ ဥပဒေကို လေးစားလိုက်နာမှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်ပါသည်။ မည်သူမျှ ဥပဒေအထက်တွင် မရှိရပါ။ နိုင်ငံသားတိုင်းသည် တည်ဆဲဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိပြီး ချိုးဖောက်ပါက အပြစ်ပေးခြင်းကို ခံရမည်ဖြစ်ပါသည်။ တရားဥပဒေသည်လည်း ပြည်သူတိုင်းအပေါ်တွင် တရားမျှတမှုနှင့် တစ်သမတ်တည်းရှိမှသာ ဒီမိုကရေစီ ဖြစ်ပါသည်။

ကျွန်တော်တို့အားလုံး ဒီမိုကရေစီကို အလိုရှိကြပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်မှ နိုင်ငံရေးဦးတည်ချက်တွင် “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”ဟု ရှေ့ဆုံးမှ ဦးစားပေးဖော်ပြထားပါသည်။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုရရှိရန် ပြည်သူတိုင်း၏ တာဝန်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဒီမိုကရေစီအတွက် လိုအပ်သော အခြေခံအချက်များကို နိုင်ငံသားတိုင်း သိရှိလေးစားလိုက်နာခြင်းဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်ကြပါစို့။ ။



၁၃-၁-၂၀၂၂ ရက် ည ၉ နာရီခွဲက ဒီမိုကရေစီနှင့် လူ့ကျင့်ဝတ်များကို ချိုးဖောက်သည့် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခံရသည့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာ စာသင်ကျောင်း။

*စာမျက်နှာ ၇ မှ*

ပညာသင်ရမည့်အရွယ်တွင် ပညာသင်ကြားရန်နှင့် စီးပွားရေးကောင်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့တွင် ရှိပြီးသားပစ္စည်းများကို အကျိုးရှိစွာ အသုံးချရန် လိုကြောင်း၊ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ကျောင်းများနှင့် ပညာရေးကို မြှင့်တင်ပေးရန်လိုကြောင်း၊ အလားတူ အသောက်အစားအပျော်အပါး လိုက်စားခြင်းများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်လိုကြောင်း၊ ကျန်းမာရေးမြှင့်တင်မှုအတွက် လူတစ်ဦးချင်းစီ၏ အကျင့်ကိုပြင်ရန်လိုကြောင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ကွမ်းစားခြင်းများကို လျှော့ချနိုင်ပါက ကျန်းမာရေးထိခိုက်မှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စားသောက်မှုပုံစံများ စနစ်တကျ ဖြစ်ရန်လိုကြောင်း၊ ဆန်စားသုံးမှုအပြင် အခြား ဟင်းသီးဟင်းရွက်များ၊ အသား၊ ငါးနှင့် ဥများကိုလည်း ပြည့်ဝစွာ စားသုံးရန်လိုကြောင်း၊ ဆီစားသုံးမှုကိုလည်း ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် လျှော့ချစားသုံးရန် လိုကြောင်း၊ အစားအစာများ စားသုံးရာတွင် အသိဖြင့် စားသုံးမည်ဆိုပါက ကျန်းမာရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း။

**သစ်ပင်များ ထိန်းသိမ်းဆောင်ရွက်ရန်လို**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဝမ်းစာဖူလုံရေး တိုးတက်အောင်ဆောင်ရွက်ရာတွင် **စိုက်ပျိုးမြေများ တိုးချဲ့ခြင်းထက် ရှိပြီးသားမြေပေါ်တွင် စနစ်တကျဖြင့် စိုက်ပျိုးပြီး အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန်လို**ကြောင်း၊ ယခုအခါ သစ်ပင်များလျော့နည်းလာသဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ချက်ပြုတ်ရေးအတွက် ထင်းအဖြစ် အသုံးပြုမှုများကိုလည်း တတ်နိုင်သမျှ လျှော့ချရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ သစ်တောသစ်ပင်များကို ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုများကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တစ်အုပ်တစ်မ သစ်တောစိုက်ခင်းများ၊ ကျေးရွာပိုင်ထင်းစိုက်ခင်းများ စိုက်ပျိုးရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

**အဆင့်မီသည့် ဝါဂွမ်းများ စိုက်ပျိုးထုတ်လုပ်**

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ဝါမျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေးနှင့် ရေလုံလောက်စွာရရှိရေးအတွက် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဝါများသည် မိမိတို့နိုင်ငံတွင် သုံးစွဲရန်အတွက် လုံလောက်မှုရှိကြောင်း၊ သို့သော် အဆင့်မီသည့် ချည်မျှင်များ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်ချက်များ ရှိနေသေးကြောင်း၊ ထို့ကြောင့် ပြည်ပမှ မျိုးကောင်းမျိုးသန့်များ ရရှိစေရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ **မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှ ချည်မျှင်များ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် အဆင့်မီသည့် ဝါဂွမ်းများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ဝါစေ့မှ ဆီထုတ်လုပ်၍ရသကဲ့သို့ တိရစ္ဆာန်အစာလည်း ပြုလုပ်၍ရကြောင်း၊ ပြည်တွင်းဝါထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်တွင်း စက်မှုလုပ်ငန်းများ တိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်အထိ ကုန်သွယ်မှုလိုငွေများ များစွာရှိခဲ့ကြောင်း၊ ရှိပြီးသားစက်ရုံများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိဘဲ သွင်းကုန်ဦးစားပေးမှုကြောင့် ထိုသို့ ကုန်သွယ်မှုလိုငွေများ များပြားနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တမာပင်များစွာရှိကြောင်း၊ အဆိုပါတမာပင်များမှ ပိုးသတ်ဆေးများထုတ်လုပ်၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးချ၍ရကြောင်း၊ မကွေးတိုင်းဒေသကြီးမှ မိမိတို့နိုင်ငံပြည်သူများအားလုံးအတွက် အဝတ်အထည်များ ထုတ်လုပ်ပေးနိုင်သည့် အဓိကတိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ကြက်သွန်စိုက်ပျိုးမှုနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း ကြက်သွန် စိုက်ပျိုးထုတ်လုပ်မှုများစွာရှိကြောင်း၊ ကြက်သွန်ကိုလည်း တိုင်းဒေသကြီး၏ အဓိက ထွက်ကုန်အဖြစ် စိုက်ပျိုးစေချင်ကြောင်း၊ အထွက်နှုန်းကောင်းအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ပိုမို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကြက်သွန်များကို ပြည်ပသို့ နှစ်စဉ်တင်ပို့နေကြောင်း၊ ကြက်သွန်ကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး အသေးစားစက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ဒေသအလိုက် ကွာခြားမှုများ များပြားကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ကွာခြားမှုများမရှိစေရေး ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သွားလာရေးများ အဆင်ပြေစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ **မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံးအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မိမိတို့ ဒေသတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်လို**ကြောင်း။

**ကျေးလက်ပြည်သူများ ဘဝတိုးတက်ရေး**

မိမိတို့အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဃာတတရားများ၊ အငြိုးအတေးများမရှိစေရေးအတွက် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးအတွက်လည်း အားပေးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ ဘဝတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်စေရေး ရှိပြီးသားအခြေခံကောင်းများကို အသုံးချ၍ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**မြသလွန်စေတီတော် ဖူးမြော်ကြည်ညို**

ညနေပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့သည် အဖွဲ့ဝင်များလိုက်ပါ၍ မကွေးမြို့ရှိ မြသလွန်စေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး တို့သည် စေတီတော်ကြီးအား ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဘုရားဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဘုရားဂေါပကအဖွဲ့က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုခဲ့ကာ ဘုရားဖူးလာရောက်သော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများကို မြဝတီတေးဂီတအဖွဲ့က ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် ဖေဖော်ဝါရီ ၉

**၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ ပြည်ထောင်စုနေ့ အခမ်းအနား၌ ချီတက်အလေးပြုကြမည့် စစ်ကြောင်း၊ တပ်ခွဲများနှင့်အတူ ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြုရိုးရာ အလှပြယာဉ်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများပါ တက်ကြွစွာ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။**



အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသားကျောင်းသူများကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တည်းခိုနေထိုင်စေလျက်ရှိပြီး ယနေ့ညနေပိုင်း၌ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီအငြိမ့်အဖွဲ့နှင့် မြဝတီတေးဂီတအဖွဲ့များရှိ စစ်သည်၊ စစ်သမီးများက အကအလှများ၊ တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြောင်းနှင့် တက်ရောက်အားပေးသည့် ပရိသတ်များမှလည်း စိတ်လက်ရွှင်လန်း ပျော်ရွှင်စွာဖြင့် ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ မြဝတီအငြိမ့်အဖွဲ့၏ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

## ညောင်တုန်းမြို့နယ်၌ စိန်ရတုပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု ကွန်ကရစ်လမ်းသစ်ဖွင့်

**ညောင်တုန်း ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခိုင်ရွှေဝါလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့က ခိုင်ရွှေဝါလမ်းနှင့် သွန်းဘုရားလမ်းဆုံ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ခိုင်ရွှေဝါလမ်းကွန်ကရစ်လမ်းသစ်မှာ ယခင် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေရှိသည့် ကတ္တရာလမ်းမကြီးဖြစ်ပြီး ယခု ၂၀၂၁-၂၀၂၂ ခုနှစ် ပထမ ခြောက်လတာကာလတွင် အရှည် ၁၂၄၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ ပေရှိ ကွန်ကရစ်လမ်းသစ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျန်ရှိနေသည့် အရှည် ၉၀၂ ပေ ကွန်ကရစ်လမ်းအဖြစ် ထပ်မံဆောင်ရွက်ရန် လျာထားပြီးဖြစ်သည်။ ယင်းလုပ်ငန်းများ ပြီးစီးပါက သွန်းဘုရားလမ်းမှ အာဇာနည်လမ်းတစ်လျှောက်လုံး ကွန်ကရစ်လမ်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

**မြို့နယ်**

(ပြန်/ဆက်)

## အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းခဲ့မှုများရှိခဲ့

မိမိတို့နိုင်ငံတွင် ကိုလိုနီနယ်ချဲ့များမှ အုပ်ချုပ်ခဲ့သည့်အချိန်ကာလတွင် ပညာရေးနိမ့်ကျခဲ့ရပြီး လွတ်လပ်ရေးရရှိချိန်တွင်လည်း ပြည်တွင်း သောင်းကျန်းမှုများကြောင့် ပညာသင်ကြားရေးအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် ပညာရေးနိမ့်ကျမှုများ ထပ်မံဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်နယ်များနှင့် တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများနှင့် အခြားသော သွားလာရေးအခက်အခဲများကြောင့် ကျေးလက်ပညာရေးသည် အားနည်းခဲ့ရကြောင်း၊ အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်ခဲ့ချိန်များတွင်လည်း ဆရာ၊ ဆရာမများ မပြည့်စုံမှုနှင့် အခြားသော အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းခဲ့မှုများရှိခဲ့ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ဖိတ်ကြားခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ကြေညာချက်အမှတ် ၁ / ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

**ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့်**
**စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ဖိတ်ကြားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟု အစိုးရအနေဖြင့် မူဝါဒချထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ NCA အတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့ နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်" ဟု ပြောကြားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၅ နှစ်ခန့်ရှိပြီး ဖြစ်သော်လည်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာခိုင်မာမှုနှင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှိသင့်သလောက်မရှိဘဲ ခွန်အားများ၊ စွမ်းအားများ ဆုံးရှုံးလျက်ရှိပါသည်။ ၎င်းခွန်အား၊ စွမ်းအားများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားပြည့် အသုံးပြုနိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိဖို့ လိုအပ်ပါသည်။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာအရေးကြီးပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီအများစုမှလည်း ၅ နှစ်အတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ ၃ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၇) ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် (၂) ကြိမ်၊ စုစုပေါင်း (၃၄) ကြိမ် တွေ့ဆုံခဲ့ပါသည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ပါသည်။ ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ် နီးနှောဖလှယ်နိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်းလည်း အလေးထားဖော်ပြအပ်ပါသည်။

၆။ နိုင်ငံတော်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၃)ရပ်အနေဖြင့် **အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ဖြစ်ပြီး **နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်** မှာ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဖြစ်ပါသည်။ သို့ဖြစ်၍ **ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်** အဖြစ် ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်မည်ဖြစ်ပါသည်။

၇။ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် သမိုင်းအစဉ်အဆက်ဖြစ်ပေါ်တည်ရှိလာသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရေးအတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဈေးစပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေးသွားကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့် အခါသမယတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် စည်ကားသိုက်မြိုက်စွာကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်နိုင်ရေး ဝိုင်းဝန်းအကျိုးဆောင်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဂုဏ်ပြု ယာဉ်များ တပေါင်းကွင်း၌ ခင်းကျင်းပြသထားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ဂုဏ်ပြုယာဉ်များ ပါဝင်ပြသမည်ဖြစ်ပြီး အဆိုပါ ဂုဏ်ပြုယာဉ်များကို ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်လျက် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နံနက် ၈ နာရီ မှ ညနေ ၆ နာရီအတွင်း ခင်းကျင်းပြသထားမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားရိုးရာ အစားအစာများ ပြုလုပ်ရောင်းချမည့် အစီအစဉ်လည်း ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

မိဘပြည်သူများအနေဖြင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များကို လာရောက်လည်ပတ်လေ့လာကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**









# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည့် နေပြည်တော်နှင့် မြန်မာနိုင်ငံအဝန်း၌ ကြိုတင်ပြင်ဆင်မှုများပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မြန်မာနိုင်ငံအဝန်း၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

**အလှဆင်ထား**

အဆိုပါ အခမ်းအနားအတွက် ကြိုတင် ပြင်ဆင်မှုများအဖြစ် နေပြည်တော်ရှိ လူစည်ကားရာ လမ်းဆုံများတွင် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြု ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်လာမည့် ရာဇသင်္ဂဟလမ်း တစ်လျှောက်တွင် မြန်မာနိုင်ငံတော် အလံနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အထိမ်းအမှတ်ပါ အလံများ စိုက်ထူထားခြင်း **(အောက်ဝဲပုံ)**နှင့် ယင်းလမ်း တစ်လျှောက်ရှိ အဝိုင်းများတွင် လျှပ်စစ်မီးရောင်များ ထွန်းညှိထားမှုများ၊ တိုင်းရင်းသားရုပ်ပုံကားချပ်များဖြင့် အလှဆင်ထားရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမ၌ ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်း၊ မဟာဗန္ဓုလပန်းခြံအတွင်း ရောင်စုံအလှမီးများ ထွန်းညှိပြင်ဆင်ထားခြင်း၊ ဒဂုံမြို့နယ်ရှိပြည်သူ့ဥယျာဉ်၌ ရောင်စုံအလှမီးများပြင်ဆင်၍ ဂုဏ်ပြုဆိုင်းဘုတ် စိုက်ထူထားခြင်း **(အောက်ယာပုံ)**၊ ဦးဝိစာရအဝိုင်း၊ ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းနှင့် စမ်းချောင်းမြို့နယ် ဟံသာဝတီအဝိုင်းတို့၌ ရောင်စုံမီးအလှများ ဆင်ယင်ထားခြင်းနှင့် ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်းများဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြသည်။

ထို့အတူ မန္တလေးမြို့ ကျုံးအတွင်း ရေပန်းများဖွင့်လှစ်ခြင်း၊ နန်းမြို့ရိုးတစ်လျှောက်ရှိ တံတိုင်းများ၊ ကျုံးပတ်လမ်းရှိ ရတနာပုံဥယျာဉ်လမ်း တစ်လျှောက်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ရုံးတို့၌လည်း ရောင်စုံမီးများ ထွန်းညှိခြင်းများ ဆောင်ရွက်ထားကြောင်း သိရှိရသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ထို့ပြင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင်လည်း (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုသည့်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ညောင်ရွှေမြို့၌ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဆေးရောင်ခြယ် ပြိုင်ပွဲ ပြုလုပ်

**ညောင်ရွှေ ဖေဖော်ဝါရီ ၉**

အခြေခံပညာ ကျောင်းသား ကျောင်းသူလေးများ အနုပညာကို စိတ်ပါဝင်စားမှုရှိလာစေရန်၊ တီထွင်ဆန်းသစ်သည့် အတွေးအခေါ်များ ရင့်သန်လာစေရန်၊ ယှဉ်ပြိုင်ခြင်းအလေ့အထကောင်းများရရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံး ကလေးစာဖတ်ခန်း၌ ပြုလုပ်သည်။

ပြိုင်ပွဲကျင်းပနေစဉ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေမျိုးသူရိန်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်းနှင့် ဆုရွေးချယ်မှု စည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများကို မြို့နယ်ဦးစီးမှူးနှင့် ပညာရေးဌာနမှ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူလေးများအား မေတ္တာလက်ဆောင်များ ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ ဖိတ်ကြားခြင်းနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး YMBA ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( ၉ ) ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုလို စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့် အခါသမယတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့အား စည်ကားသိုက်မြိုက်စွာကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေး အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်ပါကြောင်း (၆ - ၂ - ၂၀၂၂) ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၂၂) ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါ ကြေညာချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ရှေးရှုနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ သက်ဆိုင်သူအားလုံး တက်ရောက်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း Y M B A**

## မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ကြေညာချက် ထာဝရငြိမ်းချမ်းရေးအတွက် သက်ဆိုင်သူလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ခေါ်ပန်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယခုလို(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကြုံကြိုက်သည့် အခါသမယတွင် သက်ဆိုင်သူလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့အား စည်ကားသိုက်မြိုက်စွာကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် ထာဝရငြိမ်းချမ်းရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်ပါကြောင်း (၁၀-၂-၂၀၂၂) ရက်စွဲပါ ကြေညာချက် အမှတ် (၁/၂၀၂၂) ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါကြေညာချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲနှင့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်ကြပါရန် မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ အလေးအနက်ထား၍ တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံအပ်ပါကြောင်း ပန်ကြားကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

## နိုင်ငံရေးပါတီ (၂၆) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ( ၈ ) ရက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၈ ) ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကြေညာချက်အမှတ် (၁/၂၀၂၂)ဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ ဖိတ်ကြားခြင်းကို ၂၀၂၂-ခုနှစ် ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးမရမီကတည်းက စတင်ကာ သပ်လျှိုသွေးခွဲခံရမှု၊ အယူအဆ ကွဲပြားမှုနှင့် ပုဂ္ဂိုလ်ရေးအာဃာတများကို အခြေခံလျက် အချင်းချင်းဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည့် ကာလများ ရှည်ကြာခဲ့ပြီဖြစ်ပါသည်။ တိုက်ခိုက်မှုများကြောင့် မတည်ငြိမ်သည့်ဒေသများနှင့် အချိန်ကာလများတွင် ပြည်သူများ လူမှုဒုက္ခအဖုံဖုံ ခံစားရ၍ အထွေထွေဆုတ်ယုတ်ကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ယှဉ်ပြိုင်တိုက်ခိုက်သူများအချင်းချင်း ညှိနှိုင်းမှု၊ အပြန်အလှန်နားလည်မှုများရရှိ၍ တည်ငြိမ်အေးချမ်းသောကာလ ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုတို့ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်ကိုလည်း လက်တွေ့မျက်မြင် တွေ့ကြုံခံစားခဲ့ကြပြီးဖြစ်ပါသည်။

၃။ အပိုဒ်(၂)ပါ အတွေ့အကြုံများအရ နိုင်ငံတော်နှင့် ပြည်သူများအနေဖြင့်လည်းကောင်း၊ လက်နက်စွဲကိုင် ယှဉ်ပြိုင်တိုက်ခိုက်နေကြသူများအကြားတွင် လည်းကောင်း၊ ဝါဒတူရာ အမြင်တူရာ ပုဂ္ဂိုလ်အစုအဖွဲ့များအကြားတွင် လည်းကောင်း အစဉ်တစိုက်ပြောဆိုတောင်းဆိုလေ့ရှိသည့်အချက်မှာ (နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ လက်နက်စွဲကိုင်၍ စစ်ရေးနည်းဖြင့် ဖြေရှင်းနည်းအစား စားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာရေး)တို့ ဖြစ်ပါသည်။

၄။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလမှစ၍ ယနေ့ကာလအထိ လူမျိုးစုရေး၊ အယူအဆရေးနှင့် အကျိုးစီးပွားအရေးတို့ကြောင့် ဆန့်ကျင်မှု၊ ဆူပူတောင်းဆိုမှု၊ လက်နက်စွဲကိုင်တိုက်ခိုက်မှု အမျိုးမျိုးနှင့် ရင်ဆိုင်ဖြတ်သန်းလာခဲ့သော တပ်မတော်သည် တည်ငြိမ်အေးချမ်းမှု၏တန်ဖိုးနှင့် ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်း၏အကျိုးကို ကောင်းစွာနားလည်ထားပြီးဖြစ်သည်ဟု ယုံကြည်ပါသည်။

၅။ ဤဖိတ်ခေါ်ချက်သည် သက်ဆိုင်သူအားလုံးက နှုတ်မှပြောဆိုတောင်းဆိုနေကြသော ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးများကို တရားဝင်ဆွေးနွေးပြောဆိုနိုင်မည့် ထာဝရငြိမ်းချမ်းရေးအကြို ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ရန် အာမခံထားပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ စစ်ရေးနည်းဖြင့် ဖြေရှင်းနည်းအစား စားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာရေးအာမခံချက်ဖြစ်သည်ဟုလည်း ရှုမြင်ပါသည်။ တိုင်းရင်းသား၊ နိုင်ငံသားအားလုံးအတွက် အလေးအမြတ်ပြု တန်ဖိုးထားရမည့် စိန်ရတုပြည်ထောင်စုနေ့ကို အကြောင်းပြု၍ ကမ်းလှမ်းဖိတ်ခေါ်ခဲ့သော ငြိမ်းချမ်းရေးအတွက် ဤဖိတ်ခေါ်ချက်ကို မိမိတို့နိုင်ငံရေးပါတီများက ဂုဏ်ယူတန်ဖိုးထားစွာ ကြိုဆိုအပ်ပါသည်။

၆။ သို့ပါ၍ ပြည်ထောင်စုနိုင်ငံတော်ကြီးနှင့် နိုင်ငံသား၊ တိုင်းရင်းသား အားလုံး၏ အကျိုးအလို့ငှာ “ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့” သို့ သက်ဆိုင်သူအားလုံး တက်ရောက်ခြင်း၊ ဆွေးနွေးဖလှယ်ခြင်းဖြင့် ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ပေးကြပါရန် အလေးအနက် တိုက်တွန်းတင်ပြအပ်ပါသည် -

| စဉ် အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|
| ၁။ ဦးသန်းဌေး | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | - |
| ၂။ ဦးမြင့်ဦး | CEC | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | - |
| ၃။ ဦးသန်းထွန်း | ဒုဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | - |
| ၄။ ဒေါက်တာနေဇင်လတ် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်ရေးပါတီ | - |
| ၅။ ဦးတင်ဆွေ | ဒုဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | - |
| ၆။ ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | - |
| ၇။ ဦးသိမ်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | - |
| ၈။ ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | - |
| ၉။ ဦးကျော်ထွန်းနိုင် | ဒုဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - |
| ၁၀။ ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | - |
| ၁၁။ ဦးမင်းမင်းထွန်း | ဥက္ကဋ္ဌ | ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ | - |
| ၁၂။ ဦးအောင်သန်း | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်ထောင်စုပါတီ | - |
| ၁၃။ ဦးမျိုးညွန့် | ဥက္ကဋ္ဌ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | - |
| ၁၄။ ဦးသောင်းဦး | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ | - |
| ၁၅။ ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမား အလုပ်သမား အင်အားစုပါတီ | - |
| ၁၆။ ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | - |
| ၁၇။ ဦးငွေအောင် | ဥက္ကဋ္ဌ | ပြည်သူ့အင်အားပါတီ | - |
| ၁၈။ ဦးတန်ဂွမ်း | ထွေ တွင်း/မှူး | လူထုပါတီ | - |
| ၁၉။ ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | - |
| ၂၀။ ဦးစောလွင်ငယ် | ဒုဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | - |
| ၂၁။ ဦးအောင်ဇင် | အတွင်းရေးမှူး | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | - |
| ၂၂။ ဦးကျော်စိန် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်မြင့်မားရေးပါတီ | - |
| ၂၃။ ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | - |
| ၂၄။ ဦးသန်းဦး | ဒုဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | - |
| ၂၅။ ဦးမောင်မောင်ဆွေ | ဒုဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ | - |
| ၂၆။ ဦးစိန်ဝင်း | ဥက္ကဋ္ဌ | အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ(အန်၊ယူ၊ဒီ) | |

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃)အခြေခံပညာကျောင်း၌ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ထုပ်ဆီးတိုး၊ သံလုံးပစ်၊ လှံတံပစ်နှင့် မီတာ(၁၀၀)အပြေးပြိုင်ပွဲများ စသည့် အခြေခံပညာကျောင်းအဆင့် အားကစားပြိုင်ပွဲများ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် ပခုက္ကူမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်းမှ ကျောင်းသားကျောင်းသူ ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ထုပ်ဆီးတိုးပြိုင်ပွဲ ငါးသင်း၊ သံလုံးပစ်ပြိုင်ပွဲ (ကျား+မ) ၁၀ သင်း၊ လှံတံပစ်ပြိုင်ပွဲ (ကျား+မ) ၁၀ သင်း၊ မီတာ(၁၀၀) အပြေးပြိုင်ပွဲ (ကျား+မ) ၁၀ သင်း စသည့်အားကစားပြိုင်ပွဲများ ကျင်းပသည်။ ယင်းပြိုင်ပွဲများအလိုက် ဆုရရှိသူများအား ပခုက္ကူခရိုင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများစုပေါင်း၍ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဖေဖော်ဝါရီ ၁၂ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# မာရဝိဇယ ဘူမိဖဿ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထုပူဇော်မည့် ပိဋကသုံးပုံ ပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲရေးသားထားမှု စိစစ်တည်းဖြတ်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားလျက်ရှိသော မာရဝိဇယ ဘူမိဖဿ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထုပူဇော်မည့် ပိဋကသုံးပုံပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲရေးသားထားမှုကို စိစစ်တည်းဖြတ်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) စည်းဝေးညီမူရာဘာသာပြန်ခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



ညှိနှိုင်းအစည်းအဝေးသို့ စိစစ်တည်းဖြတ်ရေးကော်မတီနာယက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ၊ စိစစ်တည်းဖြတ်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဇောတိက၊ စိစစ်တည်းဖြတ်ရေးကော်မတီအတွင်းရေးမှူး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒအမှူးပြုသော ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စိစစ်တည်းဖြတ်ရေးကော်မတီနာယက ဒေါက်တာဘဒ္ဒန္တကေသရက စိစစ်တည်းဖြတ်ရေးအဖွဲ့(၄)ဖွဲ့အနေဖြင့် ဆဋ္ဌမူကိုမူတည်၍ အမှားအမှန်စိစစ်ပေးစေလိုကြောင်း၊ အဖွဲ့များအနေဖြင့် ကြီးလေးသော တာဝန်ဖြစ်၍ သမိုင်းမှတ်တမ်းကျန်ရှိနိုင်ရေး အထူးဂရုပြုဆောင်ရွက်သွားရန်လိုကြောင်း ဩဝါဒမိန့်ကြားသည်။

ယင်းနောက် စိစစ်တည်းဖြတ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တဇောတိကက စိစစ်တည်းဖြတ်ရေးလုပ်ငန်းအတွက် လိုအပ်သော အထောက်အပံ့များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ဆရာဒကာပူးပေါင်းဆောင်ရွက်ပါက အောင်မြင်စွာ ပြီးစီးမည်ဖြစ်ကြောင်း ဩဝါဒမိန့်ကြားသည်။

ထို့နောက် စိစစ်တည်းဖြတ်ရေးကော်မတီအတွင်းရေးမှူးဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက စိစစ်တည်းဖြတ်ရေးအဖွဲ့ (၄) ဖွဲ့အနေဖြင့် ကျွမ်းကျင်သည့် ဆရာတော်များစုဖွဲ့၍ စိစစ်တည်းဖြတ်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဆရာဒကာဆက်ဆံရေးနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပါက လုပ်ငန်းအမြန်ပြီးစီးမည်ဖြစ်ကြောင်း မိန့်ကြားသည်။

ဆက်လက်၍ စိစစ်တည်းဖြတ်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြလျှောက်ထားသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော တက္ကသိုလ်အသီးသီးမှ ပညာရှင်ဆရာတော်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက ပိဋကသုံးပုံပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲရေးသားထားမှုကို စိစစ်တည်းဖြတ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုကို အသေးစိတ် လျှောက်ထားဆွေးနွေးတော်မူကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ စိစစ်တည်းဖြတ်ရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဆရာတော်တို့က နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူကြကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာလယ်တီကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ရဲစုကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဓမ္မစရိယ တက္ကသိုလ်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မြို့လယ် ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ စားနပ်ရိက္ခာ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ် လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းလတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကော့သောင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် ရုံးဝန်ထမ်းများ၊ ကော့သောင်းခရိုင်သာသနာရေးဦးစီးမှူး ဦးနန္ဒစိုး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကော့သောင်းမြို့ မြသီတဂူစာသင်တိုက်သို့ ဆွမ်းဆန် လေးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကုလားပဲ ခုနစ်ပိဿာစသည့် လှူဒါန်းဖွယ်ပစ္စည်းများကို ကျောင်းထိုင်ဆရာတော် ဦးကောဏ္ဍညထံသို့ လှူဒါန်းသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ်များရှိ ဘုန်းတော်ကြီး ကျောင်းများ၊ ဘာသာရေး ကျောင်းများနှင့် ကိုဗစ်-၁၉ ကုသရေးစင်တာများသို့လည်း ဆက်လက်ထောက်ပံ့ လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**

# ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄၃ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၉–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၇၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၀၄၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၃၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၉၅,၂၃၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၄၀,၅၉၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၄,၆၀၇) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၈–၂–၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၂,၅၇၃,၈၀၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ (၁၉,၄၅၆,၄၆၄) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၁၁၇,၃၄၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၈–၂–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၂,၀၃၀,၂၇၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၉–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၂၆) ခု | (၁၉၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၁) ခု | (၁၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၆) ခု | (၂၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀) ခု | (၅) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၀) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၁၂) ခု | (၁၃၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၅၆၈) ခု | (၁၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇,၇၆၅) ခု | (၅၀၇) ဦး |
| စုစုပေါင်း | (၂၃,၇၃၈) ခု | (၁,၀၄၃) ဦး |

COVID–19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ
(၈–၂–၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၁၁၇,၃၄၂) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၉,၄၅၆,၄၆၄) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၂,၅၇၃,၈၀၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၂,၀၃၀,၂၇၀) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၉- ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၈၅၅၆၁၉၃ | ၄၈၈၂၈၃၂၈ | ၉၃၂၄၄၃ |
| ၂။ | အိန္ဒိယ | ၄၂၄၁၀၉၇၆ | ၄၁၀၁၂၈၆၉ | ၅၀၅၃၀၈ |
| ၃။ | ဘရာဇီး | ၂၆၇၇၆၆၂၀ | ၂၃၁၀၁၆၆၀ | ၆၃၃၈၉၄ |
| ၄။ | ပြင်သစ် | ၂၁၀၃၉၆၃၉ | ၁၅၀၄၂၅၄၁ | ၁၃၃၆၁၄ |
| ၅။ | ဗြိတိန် | ၁၇၉၃၂၈၀၃ | ၁၅၄၉၃၅၈၀ | ၁၅၈၆၇၇ |
| ၆။ | ရုရှား | ၁၃၃၃၀၇၆၉ | ၁၀၈၀၃၃၀၅ | ၃၃၇၃၉၀ |
| ၇။ | တူရကီ | ၁၂၄၄၆၁၁၁ | ၁၁၅၇၉၃၃၈ | ၈၉၂၁၁ |
| ၈။ | အီတလီ | ၁၁၇၆၅၇၆၇ | ၉၆၈၈၄၅၅ | ၁၄၉၅၁၂ |
| ၉။ | ဂျာမနီ | ၁၁၄၁၁၄၆၄ | ၈၃၇၃၉၀၀ | ၁၁၉၇၂၆ |
| ၁၀။ | စပိန် | ၁၀၄၃၉၃၀၂ | ၇၀၇၀၃၃၆ | ၉၄၉၃၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၉- ၂ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၆၂၆၉၃၆ | ၄၂၁၆၃၂၈ | ၁၄၄၇၈၄ |
| ဖိလစ်ပိုင် | ၃၆၂၃၁၇၆ | ၃၄၇၂၁၆၀ | ၅၄၆၉၀ |
| မလေးရှား | ၂၉၃၉၁၉၈ | ၂၈၂၄၀၇၁ | ၃၂၀၅၆ |
| ထိုင်း | ၂၅၃၁၀၅၁ | ၂၄၀၉၈၇၇ | ၂၂၃၄၇ |
| ဗီယက်နမ် | ၂၄၀၄၆၅၁ | ၂၁၉၆၆၀၂ | ၃၈၆၁၄ |
| မြန်မာ | ၅၄၀၅၉၇ | ၅၁၄၆၀၇ | ၁၉၃၁၀ |
| စင်ကာပူ | ၄၁၈၆၄၀ | ၃၈၁၂၇၆ | ၈၇၇ |
| လာအို | ၁၃၇၆၁၆ | ၁၃၃၀၉၀ | ၅၈၃ |
| ကမ္ဘောဒီးယား | ၁၂၂၂၀၆ | ၁၁၈၃၄၄ | ၃၀၁၅ |
| ဘရူနိုင်း | ၁၈၈၄၅ | ၁၆၂၉၀ | ၉၈ |

(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပေါင်းစည်းတူယှဉ် ပြည်ထောင်စုဥယျာဉ်

မြတ်နိုးမေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော မြန်မာပြည်ဖွား တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်တို့သည် ရှေးနှစ်ပေါင်းထောင်ချီသောကာလကပင် စည်းလုံးညီညွတ်စွာ အတူလက်တွဲ နေထိုင်ခဲ့ကြပါသည်။ တောင်တန်း၊ ပြည်မဒေသမတူ၊ ဘာသာစကားမတူ၊ ကိုးကွယ်ယုံကြည်မှု၊ ဝတ်စားဆင်ယင်မှုမတူကွဲပြားကြသော်လည်း မြန်မာပြည်သားဟူသော စိတ်ဓာတ်တူညီမှုဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ခဲ့ကြပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပထဝီအနေအထားနှင့် သမိုင်းကြောင်း ယဉ်ကျေးမှုကြီးမားသော အိန္ဒိယယဉ်ကျေးမှုနှင့် တရုတ်ယဉ်ကျေးမှုတို့အကြားတွင် တည်ရှိနေသော်လည်း ယနေ့အထိခိုင်မာသော မြန်မာ့ယဉ်ကျေးမှုကို တည်ဆောက်နိုင်ခဲ့ပေသည်။ ထိုသို့ မြန်မာ့ယဉ်ကျေးမှု တည်တံ့ခိုင်မာစွာ တည်ဆောက်နိုင်ခြင်းမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားပေါင်းစုံ၏ ယဉ်ကျေးမှုအဖုံဖုံတို့ ပေါင်းဆုံခြင်းမှ ကမ္ဘာ့အလယ်တွင် မြန်မာ့ယဉ်ကျေးမှုထည်ဝါစွာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

### ပိုမိုကျယ်ဝန်းသောစွမ်းရည်များ ပေါ်ထွက်လာ

ပညာရပ်များလေ့လာသင်ကြားရာတွင်လည်း " မတူညီသောအရာများပေါင်းစပ်မှု " သီအိုရီအရဘာသာရပ်များကို ပေါင်းစပ်လေ့လာရာမှ ပိုမိုကျယ်ဝန်းသောစွမ်းရည်များ ပေါ်ထွက်လာသည်ကို တွေ့ရှိရပါသည်။ ယခုခေတ် လေ့လာသင်ယူနေသော သိပ္ပံပညာရပ်များ၊ ဝိဇ္ဇာပညာရပ်များသည် ဘာသာရပ်တစ်ခုချင်းအလိုက် သီးခြားဂုဏ်ထူးဝိသေသများရှိသော်လည်း ၎င်းဘာသာရပ်များကို လိုအပ်သလိုပေါင်းစပ်လိုက်သောအခါတွင် ပိုမိုကျယ်ဝန်းသော စွမ်းရည်များထွက်ပေါ်လာပေသည်။ သိပ္ပံပညာရပ် အချင်းချင်း၊ ဝိဇ္ဇာပညာရပ်အချင်းချင်း ဆက်နွှယ်ပေါင်းစပ်လေ့လာနိုင်သလို သိပ္ပံပညာရပ်နှင့် ဝိဇ္ဇာပညာရပ်များကိုလည်း လိုအပ်ပါက ပေါင်းစပ်လေ့လာရပေသည်။ သိပ္ပံပညာရပ်များဖြစ်သော ဇီဝဗေဒနှင့် ဓာတုဗေဒ ပေါင်းစပ်သောအခါ Biochemistry ဟူသော ဘာသာရပ်ဖြစ်ပေါ်လာပြီး ရူပဗေဒနှင့် ဓာတုဗေဒပေါင်းစပ်သောအခါ Nuclear chemistry ဟူသော ဘာသာရပ်အသစ်များ ပေါ်ပေါက်လာပေသည်။

ထို့အတူ နိုင်ငံတစ်နိုင်ငံ(သို့မဟုတ်)လူမျိုးတစ်မျိုး၏ Socio-economy(လူမှုစီးပွားဘဝ)ကို လေ့လာလိုပါက ဝိဇ္ဇာပညာရပ်များဖြစ်သော သမိုင်း၊ ပထဝီဝင်၊ ဘောဂဗေဒ စသည့် ဘာသာရပ်များ ပေါင်းစပ်လေ့လာရပေသည်။ နိုင်ငံတစ်နိုင်ငံ၏ မဟာဗျူဟာ အချက်အချာကျမှုကိုသိရှိရန် သမိုင်းနှင့် ပထဝီကိုပေါင်းစပ်ပြီး Geopolitic ဟူသော ပထဝီနိုင်ငံရေး ရှုထောင့်မှ လေ့လာရပေမည်။ ထို့အပြင် သမိုင်းဘာသာရပ်နှင့် မြန်မာစာဘာသာရပ်များကိုလည်း လိုအပ်ပါက ယှဉ်တွဲလေ့လာသင့်ပေသည်။ ဥပမာအားဖြင့် ဒသမတန်းတွင် သင်ကြားသည့် ကဗျာတစ်ပုဒ်ဖြစ်သော အချုပ်တန်းဆရာဖေ ရေးသားသည့် "ဆောင်းရတုပွဲ" ကဗျာကိုလေ့လာလျှင် မြန်မာစာ အရေးအသားရှုထောင့်မှ လေ့လာရုံသာမက ထိုကဗျာပေါ်ထွန်းလာသော ခေတ်အခြေအနေကို သမိုင်းရှုထောင့်ကပါ ပေါင်းစပ်လေ့လာပါက စာဖတ်သူအတွက် ပိုမိုပြည့်စုံသော အသိအမြင်နှင့် ခံစားချက်များကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

### လူ့လောကအတွက် ပိုမိုအကျိုးရှိစွာဆောင်ရွက်

ထိုကဲ့သို့ပင် မတူညီသော ပညာရပ်များကို လိုအပ်သလို ပေါင်းစပ်လေ့လာပါက လူ့လောကအတွက် ပိုမိုအကျိုးရှိစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် မတူညီသောအရာများကို ပေါင်းစပ်ရာမှ ပေါ်ထွက်လာသည့် စွမ်းအင်များကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိရောက်စွာ ဆောင်ရွက်ပေးရန် ကြိုးပမ်းနေပြီဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများ၌ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ တည်ထောင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ထိုဒီဂရီကောလိပ်များ တက်ရောက်ရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သော နယ်စပ်ဒေသအသီးသီးရှိ တိုင်းရင်းသား လူငယ်များအား သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ရွေးချယ်ပြီး ဝိဇ္ဇာဘွဲ့(B.A)၊ သိပ္ပံဘွဲ့ (B.Sc)၊ အင်ဂျင်နီယာ ဒီပလိုမာဘွဲ့ (AGTI) အတွက် သင်ကြားပို့ချလျက်ရှိပါသည်။



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)။

## "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန်အတွက် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်ကျည်စွာ မွေးမြူရန် အထူးလိုအပ်ပါသည်။ သို့မှသာ ပတ်ဝန်းကျင်က ရိုက်ခတ်လာသောဒဏ်ကို ကြံ့ကြံ့ခံနိုင်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်ပေမည်"

### သင်ကြားရသော ဘာသာရပ်များ

ဝိဇ္ဇာဘွဲ့အတွက် သင်ကြားရသော ဘာသာရပ်များမှာ စီးပွားရေးပညာ၊ မနုဿဗေဒ၊ မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ အင်္ဂလိပ်စာ၊ စိတ်ပညာတို့ဖြစ်ပြီး သိပ္ပံဘွဲ့အတွက် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒနှင့် အင်ဂျင်နီယာဘွဲ့အတွက် မြို့ပြ၊ အီလက်ထရွန်နစ်၊ လျှပ်စစ်စွမ်းအား၊ စက်မှုစွမ်းအား ဘာသာရပ်များ ဖြစ်ကြသည်။ ကျောင်းသား ကျောင်းသူအားလုံးအနေဖြင့် ကွန်ပျူတာသိပ္ပံ၊ ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်နှင့် ယဉ်ကျေးမှု ဘာသာရပ်များကိုလည်း သင်ယူကြရပါသည်။

*စာမျက်နှာ ၁၇ သို့*




(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား(ဝိဇ္ဇာဘွဲ့)




(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား(သိပ္ပံဘွဲ့)



အင်ဂျင်နီယာဒီပလိုမာ(A.G.T.I) အောင်လက်မှတ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၁၆ မှ*

ထို့ကြောင့် ဤဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများသည်သက်ဆိုင်ရာ စာပေဘာသာရပ်ပေါင်းစုံ၏အခြေခံသဘောတရားများကို ခြုံငုံလေ့လာနိုင်သောကြောင့် အတွေးအမြင်များ ကျယ်ပြန့်စွာတွေးခေါ်နိုင်သကဲ့သို့ လက်တွေ့နယ်ပယ်၌ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လက်တွေ့ကျကျ ထိရောက်စွာ ဆောင်ရွက်နိုင်ပေမည်။ ဤဒီဂရီကောလိပ်တို့မှ အရည်အချင်းမီသူများသည် ဘွဲ့လွန်သင်တန်းများကို သက်ဆိုင်ရာတက္ကသိုလ်များတွင် ဆက်လက်တက်ရောက်နိုင်ပြီး မဟာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့များအသီးသီးရရှိနိုင်ပါသည်။ ထို့အပြင် အင်ဂျင်နီယာ ဒီပလိုမာ ရရှိပြီးသောသူများအနက်မှ ထူးချွန်ထက်မြက်သောသူများကို ဆက်လက်ပညာ ဆည်းပူးခွင့်ရအောင် စီစဉ်ပေးသဖြင့် အင်ဂျင်နီယာဘွဲ့ (B.E) နှင့် မဟာအင်ဂျင်နီယာဘွဲ့ (M.E) များရရှိသည်အထိ ဆက်လက်ကြိုးစားခွင့်ရှိပါသည်။

### ဒေသပေါင်းစုံမှ တိုင်းရင်းသားများ

ဤဒီဂရီကောလိပ်များတွင် မြန်မာနိုင်ငံ၏ ဒေသပေါင်းစုံမှ တိုင်းရင်း သားများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူငယ်များ လာရောက်ပေါင်းဆုံ၍ ပညာသင်ယူလျက်ရှိသည်။ ထိုတိုင်းရင်းသားလူငယ်များသည် မိမိတို့၏ကျောင်းစာများသာမက တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီး (ရန်ကုန်)က ကြီးမှူးကျင်းပသော အာဂုံဆောင်စာပြန်ပွဲများ၊ သာသနာရေးဝန်ကြီးဌာနက ကျင်းပသော အဘိဓမ္မာစာမေးပွဲများ၊ ကျောင်းတွင်း အားကစားလှုပ်ရှားမှုနှင့် အခြားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ပြီး ထူးချွန်ဆုများ ရရှိခဲ့ကြပါသည်။

ဤဒီဂရီကောလိပ်ကျောင်းများတွင် တိုင်းရင်းသားရေးရာဌာနကို ဖွင့်လှစ်ထားပြီး ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်၊ အဆင့်မြင့်ယဉ်ကျေးမှု ဘာသာရပ်များကို ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်ကြားပို့ချလျက်ရှိပါသည်။ မျက်မှောက်ခေတ် မြန်မာ့ရေးရာသာမက ကမ္ဘာ့ရေးရာများကိုလည်း သင်ကြားပို့ချပေးပါသည်။ ထိုသို့သင်ကြားရသည့်အတွက် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာလာပြီး တိုင်းရင်းသားအချင်းချင်း နားလည်မှုရရှိကာ စည်းလုံးညီညွတ်မှု ခိုင်မြဲစေသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေဖြင့် ပြောင်းလဲလာသော အခြေအနေများနှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် ကူးလူးဆက်ဆံရာတွင် ဝန်းရံထိုးဖောက်လာသော Cultural Globalization များကို ဘေးတွင်အကာအဖြစ်သာထားပြီး မျိုးချစ်ပြည်ချစ်စိတ်နှင့် ညီညွတ်မှုရှိသော ပြည်ထောင်စုစိတ်ဓာတ် (Union Spirit) ကို အနှစ်အဖြစ်ထားကာ ကိုယ်ပိုင်ယဉ်ကျေးမှု ကိုယ်ခံအင်အားကို တည်ဆောက်ရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီရင်ပေါင်တန်းနိုင်ရန် တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်သည့် ပြည်ထောင်စု စိတ်ဓာတ် (Union Spirit) သည်သာ အဓိကစွမ်းအားဖြစ်ပေသည်။ ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်အတွက် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်ကျည်စွာမွေးမြူရန် အထူးလိုအပ်ပါသည်။ သို့မှသာ ပတ်ဝန်းကျင်က ရိုက်ခတ်လာသော ဒဏ်ကို ကြံ့ကြံ့ခံနိုင်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ရိုးရာယဉ်ကျေးမှု များကို ထိန်းသိမ်းလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်ပေမည်။

### စနစ်တကျ လေ့ကျင့်ကြိုးပမ်း

ဤဒီဂရီကောလိပ်များမှ ကျောင်းဆင်းသော ပညာတတ်လူငယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့် ရှောက်လိုသော စိတ်ရှိခြင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာ၍ ပြည်ထောင်စုဖြိုခွဲမည့် ရန်သူများအား ကာကွယ်ဖယ်ရှားစောင့်ရှောက်လိုစိတ်ရှိခြင်း၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ မပျောက်ပျက်အောင် ထိန်းသိမ်းလိုစိတ်ရှိခြင်း၊ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများပမာ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်လိုခြင်း၊ အနာဂတ်တွင် တိုင်းရင်းသားလူမျိုးအချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်ပြီး အေးအတူပူအမျှ အေးချမ်းသာယာသော လူ့ဘောင်လောက ဖော်ဆောင်လိုခြင်းစသော လောကပါလတရားများပြည့်ဝသည့် လူကောင်းလူတော် နိုင်ငံသားကောင်းများဖြစ်ပေါ်လာရန် စနစ်တကျ လေ့ကျင့်ကြိုးပမ်းခဲ့သူများဖြစ်သည်။




ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)။

ဤဒီဂရီကောလိပ်များမှသင်ကြားသော ပညာရပ်များနှင့် လေ့ကျင့်ပျိုးထောင်ပေးသော လက်တွေ့သင်ခန်းစာများကြောင့် ကျောင်းတော်သားများသည် ဘာသာရပ်ပေါင်းစုံ၏ စုပေါင်းမှုစွမ်းအားကို ရရှိပေသည်။ ကျောင်းတော်သားများသည် ကျောင်းတော်ကြီးက သင်ကြားပေးလိုက်သော ပညာရပ်အရောင်အသွေးများဖြင့် စုံလင်သော သက်တံရောင်စဉ်များ လွှမ်းခြုံနေသောသူများဖြစ်ကြောင်း တင်စားကာ ဆိုလိုက်ချင်ပါသည်။ သက်တံရောင်စဉ်များသည် ဤဒီဂရီကောလိပ်များမှ စတင်ပေါ်ထွက်လာပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံး၏ နယ်နိမိတ်အဆုံးတိုင် လွှမ်းခြုံသက်ရောက်သွားမည်ဖြစ်ပေသည်။ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာပြည့်ဝသော၊ ပညာရပ်အမြင်ကျယ်ပြန့်သော၊ လက်တွေ့ဖော်ဆောင်နိုင်စွမ်းရှိကာ တိုင်းရင်းသား လူငယ်များသည် ဘွဲ့ရပညာတတ်လူငယ်များအဖြစ်ဖြင့် နိုင်ငံတော်၏ အစွန်အဖျား ဒေသအသီးသီးတွင် နိုင်ငံတာဝန်ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ရာ သက်တံရောင်စဉ်များ နိုင်ငံတစ်ဝန်းထွန်းလင်းဖြာလျက် ရှိနေပြီဖြစ်ပါတော့သည်။

### တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကို ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများက အစဉ်တစိုက် ရှေးရှုဆောင်ရွက်ခဲ့ကြသည်။ ထိုဆောင်ရွက်ချက်များ၏ အသီးအပွင့်များအဖြစ် ပေါ်ထွန်းလာခဲ့သော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၊ (စစ်ကိုင်း) တို့သည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားလူငယ်များအား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အတွက် ဝန်ထမ်းကောင်း၊ ခေါင်းဆောင်ကောင်းများဖြစ်ပေါ်လာရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားပေါင်းစုံ စည်းလုံးတူယှဉ်ကာ ပွင့်လန်းနေသော ပန်းဥယျာဉ်ကြီးသာ ဖြစ်ပေတော့သည်။ မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ ချစ်ကြည်ပေါင်းစည်းမှုကို ဖော်ဆောင်သော ကဗျာတစ်ပုဒ်အား ဂုဏ်ပြုစပ်ဆို ဖော်ပြအပ်ပါသည်-

- ❍ မြောက်ဖျားမြန်မာ
  ကချင်ပြည်မှာ
  မေခ မလိခပေါင်းဆုံကာ
  တောလည်းတောင်သာ
  ဖြတ်ကျော်တော့
  ဧရာဝတီဖြစ်တည်ပေ့ါ။
- ❍ ချင်းပြည်နယ်လည်း ဖြတ်သန်းလာ
  ရောချင်းတွင်း ပေါင်းဆုံကာ
  မေတ္တာရေတွေ တိုးကာပွား
  တောင်ပေါ်မြေပြန့် ညီအစ်ကိုများ။
- ❍ ရှမ်းပြည်နယ်မှ ကိုရွှေလီ၊
  ဧရာဝတီနဲ့ ပေါင်းဆုံသည်
  မြန်ပြည်အလှ တိုးကာပွား
  တစ်အူထုံ့ဆင်း ညီအစ်ကိုများ။
- ❍ ရခိုင်ဒေသ ကစ္ဆပနဒီ
  စီးဆင်းလာသည့် မြန်ရွှေပြည် ၊
  ညီပုကလေး စစ်တောင်းလည်း
  အားဖြည့်ကာပင် စီးဆင်းမြဲ။
- ❍ ရွှေသံလွင်လည်း မနေသာ
  ကရင်၊ ကယား ၊ မွန် မကျန်
  သယ်ဆောင်လာ
  မြန်ပြည်အင်အားတိုးကာပွား
  အေးအတူ ပူအမျှ ညီအစ်ကိုများ။
- ❍ ဤသို့သာပင်
  မြန်ပြည်တခွင်
  မြစ်နဒီတို့ အလှဆင်
  ကချင်လည်းချစ် ချင်းလည်းချစ်
  ရခိုင် မွန် ကယား ရှမ်းပါချစ်။
- ❍ တိုင်းရင်းသားတို့ မေတ္တာဝေ
  တောင်တန်းမြေပြန့် မခွဲခြားပေ
  ပေါင်းဆုံလာလို့ ချစ်ကြည်မဆုံး
  မြန်ပြည်သားတို့ တစ်ပြုံးပြုံး
  သွေးစည်းကြမည် တစ်သက်လုံး။ ။



(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဖိလစ်ပိုင်သမ္မတသစ်ဖြစ်လာရန် ကိုယ်စားလှယ်လောင်းများ အပြိုင်အဆိုင် မဲဆွယ်စည်းရုံးမှုများစတင်

မနီလာ ဖေဖော်ဝါရီ ၉

**ရွေးကောက်ပွဲမဲပေးဖို့ သုံးလအလို ဖေဖော်ဝါရီ ၈ ရက်တွင် ဖိလစ်ပိုင်သမ္မတသစ်ဖြစ်လာရန် ကိုယ်စားလှယ်လောင်းများ အပြိုင်အဆိုင် မဲဆွယ်စည်းရုံးမှုများစတင်ခဲ့သည်။**



ဖိလစ်ပိုင်သမ္မတလောင်းကိုယ်စားလှယ် ဖာဒီနန်မားကို့စ်နှင့် ဒုတိယသမ္မတလောင်းကိုယ်စားလှယ် ဆာရာ ဒူတာတေးကာပီယိုတို့ကို ဖေဖော်ဝါရီ ၈ ရက် မဲဆွယ်စည်းရုံးပွဲတွင် တွေ့ရစဉ်။

အာဏာရှင်ဟောင်း၏ သားဖြစ်သူ ဖာဒီနန်မားကို့စ် ဂျူနီယာသည် လူထုသဘောထားစစ်တမ်း တွင် ရှေ့ဆုံးမှ ဦးဆောင်လျက်ရှိသည်။ မြို့တော် မနီလာအနီးရှိ ၎င်း၏ မဲဆွယ်စည်းရုံးမှုတွင် မားကို့စ်က ပြည်သူလူထုအား ကပ်ရောဂါနှင့် စီးပွားရေးအကျပ်အတည်းပဋိပက္ခကို အတူတကွ စည်းလုံးညီညွတ်စွာ ရင်ဆိုင်ရန် တိုက်တွန်းပြောကြားလိုက်သည်။ အဆိုပါပွဲသို့ လူပေါင်း ၂၀၀၀၀ ခန့် တက်ရောက်ခဲ့သည်။

မားကို့စ်အပြင် နောက်ထပ် ဖိလစ်ပိုင်သမ္မတ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အဓိက ပြိုင်ဘက်အမတ်လောင်းများမှာ လီနီရိုဘရီဒို၊ ဖရန်စစ္စကိုဒိုမာဂိုဆိုနှင့် မန်နီပက်ကွီယိုတို့ ဖြစ်ကြသည်။

လီနီရိုဘရီဒိုသည် လက်ရှိဒုသမ္မတနှင့် လူ့အခွင့်အရေး ရှေ့နေဖြစ်သည်။ သူမ၏ မဲဆွယ်စည်းရုံးပွဲတွင် ရိုဘရီဒိုက ဒူတာတေး၏မူဝါဒများကို စိတ်ဝယ်စွဲမြဲစွာဖြင့် ရိုးသားကြိုးစားသည့် အစိုးရတစ်ရပ် ဖွဲ့စည်းတည်ဆောက်ရန် တိုက်တွန်းပြောကြားထားသည်။

ဖရန်စစ္စကို ဒိုမာဂိုဆိုသည် မနီလာမြို့တော်ဝန်နှင့် သရုပ်ဆောင်ဟောင်းတစ်ဦးဖြစ်သည်။ လွှတ်တော်အမတ် မန်နီပက်ကွီယိုသည် နာမည်ကြီးလက်ဝှေ့ကျော်ဟောင်းတစ်ဦး ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသားများသည် ဒူတာတေးနေရာတွင် သမ္မတအဖြစ်ဆက်ခံမည့်သူကို မေလတွင် မဲပေးကြမည်ဖြစ်သည်။ ဒူတာတေး၏ ခြောက်နှစ်ကြာ သမ္မတသက်တမ်းသည် မကြာမီတွင် ပြီးဆုံးတော့မည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# ဂျပန်နိုင်ငံအရှေ့ပိုင်းဒေသများတွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်း

**တိုကျို ဖေဖော်ဝါရီ ၉**

ဂျပန်နိုင်ငံ အရှေ့ပိုင်းဒေသများ၌ ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်များတွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ တိုကျိုတွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနိုင်သည့်အပြင် ကန်တိုတောင်ပိုင်း လွင်ပြင် ဒေသများတွင်လည်း ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အနှောင့်အယှက်များ ဖြစ်ပေါ်နိုင်ကြောင်း ဂျပန် မိုးလေဝသအေဂျင်စီမှ အရာရှိများက ပြောသည်။

လေဖိအားနည်းရပ်ဝန်းသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းအထိ ဂျပန်နိုင်ငံ အလယ်ပိုင်းပစိဖိတ် ကမ်းရိုးတန်း ကမ်းလွန်တွင် ဖြစ်ထွန်းပေါ်ပေါက်မည် ဖြစ်ပြီး အရှေ့ဘက်သို့ဆက်လက်ရွေ့လျားသွားနိုင်သဖြင့် ကန်တိုကိုရှင်ဒေသတွင် လေအေးများ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။

အဆိုပါလေအေးများကြောင့် ကန်တိုကိုရှင်ဒေသနှင့် ရှီဇူအိုကာ ခရိုင်တို့တွင် ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်များတွင် ဆီးနှင်းများ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။ ဆီးနှင်းများသည် တောင်ကုန်းထူထပ်သော ဒေသများတွင်သာမက တိုကျိုနှင့် ကန်တိုတောင်ပိုင်းဒေသများတွင် ထူထပ်စွာ ကျဆင်းနိုင်သည်။

နောက် ၂၄ နာရီအတွင်း ဖေဖော်ဝါရီ ၁၀ ရက်အထိ ကန်တိုကိုရှင်ဒေသတွင် ဆီးနှင်းများ ငါးစင်တီမီတာမှ ၁၀ စင်တီမီတာအထိ ကျဆင်းနိုင်ပြီး တိုကျိုနှင့် ရှီဇူအိုကာတို့တွင် ငါးစင်တီမီတာအထိ ကျဆင်းနိုင်ကြောင်း သိရသည်။ အပူချိန်သည် ခန့်မှန်းထားသည်ထက် လျော့နည်းနိုင်သဖြင့် ဆီးနှင်းများ ယခုထက်ပိုမိုကျဆင်းနိုင်ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။ တိုကျိုတွင် ဆီးနှင်းများ ၁၀ စင်တီမီတာကျော်အထိ ကျဆင်းနိုင်သည်။

ပြည်သူများအနေဖြင့် မိုးလေဝသ သတင်းများနှင့် သယ်ယူပို့ဆောင်ရေး သတင်းအချက်အလက်များကို အမြဲမပြတ်သတိထား ရယူကြရန် တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ



ဂျပန်နိုင်ငံ တိုကျိုမြို့မြောက်ပိုင်းရှိ ဆက်ပိုရိုတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေသည်ကို တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်တက်လာမှုကို လျှော့ချရန် ဂျပန်အာဏာပိုင်များ ကြိုးစားလုပ်ဆောင်

**တိုကျို ဖေဖော်ဝါရီ ၉**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု မြင့်တက်လာမှုကို လျှော့ချရန် ဂျပန်အာဏာပိုင်များ ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ ဂျပန်အစိုးရသည် တိုကျိုနှင့် တခြားခရိုင် ၁၂ ခုကို လွှမ်းခြုံပြီး တစ်စိတ်တစ်ပိုင်း အရေးပေါ်ဆောင်ရွက်ချက်များ ထပ်မံတိုးချဲ့ချမှတ်သွားမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးများကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်သည်။

တိုကျိုတွင် ဖေဖော်ဝါရီ ၉ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၈၀၀၀ ရှိသည်။ အစိုးရသည် တစ်စိတ်တစ်ပိုင်းအရေးပေါ် ပြဋ္ဌာန်းချက်များကို ဒေသတော်တော်များများတွင် လွှမ်းခြုံပြဋ္ဌာန်းလျက်ရှိသည်။ ခရိုင် ၄၇ ခု ရှိသည့်အနက် ၃၅ ခုတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

၎င်းတို့အနက် တိုကျိုအပါအဝင် ခရိုင် ၁၃ ခုတွင် ကန့်သတ်ချက်ကာလသည် တနင်္ဂနွေနေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ သို့သော်လည်း ယခုအခါတွင် နောက်ထပ်သုံးပတ် ထပ်မံသက်တမ်းတိုးလိုက်ပြီဖြစ်သည်။ အရာရှိများသည် ကိုချီခရိုင် အနောက်တောင်ပိုင်းကို လွှမ်းခြုံကာ ကန့်သတ်ချက်များ ထပ်မံတိုးချဲ့ပြဋ္ဌာန်းမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါနေရာတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်မှ ပေးအပ်သည့် ဆီနိုဖမ်း ဒုတိယအသုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဗီယက်နမ်လက်ခံရရှိ

**ဟနွိုင်း ဖေဖော်ဝါရီ ၉**

ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနသည် တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်မှ ပေးအပ်သည့် ဒုတိယအသုတ် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးများကို လက်ခံရရှိခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများ သယ်ဆောင်လာသော တရုတ်ပြည်သူ့လွှတ်မြောက်ရေး တပ်မတော်လေယာဉ်သည် ဖေဖော်ဝါရီ ၈ ရက်နှောင်းပိုင်းက ဗီယက်နမ်မြို့တော် ဟနွိုင်းရှိ နွိုင်ဘိုင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။

ကာကွယ်ဆေးလွှဲပြောင်းပေးအပ်ပွဲတွင် ဗီယက်နမ်ဆိုင်ရာ တရုတ်သံအမတ်ကြီး ရှောင်ဘိုက ကိုဗစ်-၁၉ ကို ရင်ဆိုင်တိုက်ထုတ်ရေးသည် တရုတ်-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုတွင် ဦးစားပေးကိစ္စဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုအချိန်အထိ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ၅၂ သန်းခန့် ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄ ဒသမ ၆ သန်းကျော်ရှိလာ

ဂျကာတာ ဖေဖော်ဝါရီ ၉

ကျွန်းနိုင်ငံတစ်ခုဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှု မြင့်တက်နေသည့်အချိန်တွင် ဖေဖော်ဝါရီ ၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၆၈၄၃ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၄၆၂၆၉၃၆ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

အိုမီခရွန်ကူးစက်ဖြစ်ပွားသူပေါင်း ၄၇၆၈ ဦးအထိ မြင့်တက်လာပြီး အများစုမှာပြည်တွင်းကူးစက်ဖြစ်ပွားသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိ ဆီတီနာဒီယာ တာမီဇီက ပြောသည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၆၅ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၄၇၈၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၁၄၀၁၆ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၂၁၆၃၂၈ ဦးအထိ ရှိလာသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် အစိုးရသည် အမျိုးသားကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်မြှင့်တင်ခဲ့ရာ ယခုအချိန်အထိ လူပေါင်း ၁၈၇ ဒသမ ၂၉ သန်း ကိုဗစ်-၁၉ ပထမအကြိမ် ထိုးနှံမှုခံယူပြီးပြီဖြစ်ကာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်းမှာ ၁၃၂ ဒသမ ၆၆ သန်းကျော် ရှိလာပြီဖြစ်သည်။

တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ဆီနိုဗက်ကို သက်ဆိုင်ရာအာဏာပိုင်များက အတည်ပြုပြီးနောက် လွန်ခဲ့သောနှစ် ဇန်နဝါရီလမှစကာ အင်ဒိုနီးရှားနိုင်ငံတွင် အစုလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများ စတင်လုပ်ဆောင်ခဲ့သည်။ နိုင်ငံအတွင်းရှိ လူဦးရေ ၂၀၈ ဒသမ ၂ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပေးရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

# “တူယှဉ်နွဲပျော် ဂီတပွဲတော်” နောက်ဆုံးအဆင့်သီချင်းဆိုပြိုင်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော် ဂီတပွဲတော်” နောက်ဆုံးအဆင့် သီချင်းဆိုပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) ညတွင် ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင် ကျင်းပမည်ဖြစ်ရာ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များ ဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ MF03 ရေချိုနား၊ မန္တလေးတိုင်းဒေသကြီးမှ MF04 ဇော်ထွေးလတ်၊ ဧရာဝတီတိုင်းဒေသကြီးမှ MF06 ဇင်သူသူထွန်း၊ ဧရာဝတီတိုင်းဒေသကြီး မှ MF07 ချိုမီမီဇော်နှင့် ပဲခူးတိုင်းဒေသကြီးမှ MF10 ချစ်နုတို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး The Ensemble တေးဂီတအဖွဲ့မှ တီးခတ်ပေးမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှ အပြင် ပရိသတ်များအနေဖြင့် MPTနှင့် Mytel SIM Card များကို အသုံးပြု၍ Voting မဲပေးနိုင်မည်ဖြစ်ရာ မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို Voting Time သတ်မှတ်ချိန်အတွင်း အရေအတွက် အကန့်အသတ်မရှိဘဲ SMS ပေးပို့မဲပေးခြင်းကို MPT Sim Card များမှ ကုဒ်နံပါတ် 7522 သို့လည်းကောင်း၊ Mytel Sim Card များမှ ကုဒ်နံပါတ် 7575 သို့လည်းကောင်း SMS ဖြင့် ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ပေးပို့နိုင်မည်ဖြစ်သည်။

အဆိုပါ Grand Final နောက်ဆုံးပွဲစဉ်တွင် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို တစ်ဆက်တည်း ကျင်းပမည်ဖြစ်ရာ Voting မဲရေတွက်စဉ်နှင့် အမှတ်ပေါင်းနေစဉ် နိုင်ငံကျော်တေးသံရှင်များကလည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒုတိယ အကြိမ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# “စိန်ရတု ပြည်ထောင်စု လူရွှင်တော်ဖလား” လူရွှင်တော်ပြိုင်ပွဲ၊ ပွဲစဉ်(၇) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် မြန်မာနိုင်ငံ လူရွှင်တော်အသင်း (ဗဟို) တို့ ပူးပေါင်းပြီး “စိန်ရတု ပြည်ထောင်စုလူရွှင်တော်ဖလား” လူရွှင်တော်ပြိုင်ပွဲ၊ ပွဲစဉ်(၇)ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် (ကြာသပတေးနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဟာသ မင်္ဂလာ ရွှေဆိုင်းတော်အဖွဲ့ တီးခတ်မှုနှင့် အတူ လူရွှင်တော်များဖြစ်ကြသည့် သိန်းဆု၊ ချစ်ချစ်၊ ဝါဝွမ်းနှင့် ချစ်သူတို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ခြင်းကို ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) မွန်းလွဲပိုင်း ၁ နာရီခွဲ National News အင်္ဂလိပ်ဘာသာသတင်းအစီအစဉ်အပြီးတွင် ပြသမည်ဖြစ်သည်။ **သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်တွင် လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ်(၅၃)ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ပွဲစဉ်အမှတ်(၅၃)၏ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို သရုပ်ဆောင်စိုးသီဟနှင့် ဂျေနောတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၁၊ ၁၂၊ ၁၃ ရက်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV -HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ASEAN Young Cyber Influencer အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ASEAN Young Cyber Influencer အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက Video Conference စနစ်ဖြင့် ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက် ဆွေးနွေးကြသည်။




အဆိုပါ ဆွေးနွေးပွဲတွင် သတင်းတု၊ သတင်းမှားများ၊ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု (Media and Information Literacy-MIL) အမုန်းစကား စသည့် Online Video Content များကို နိုင်ငံအလိုက် ဖန်တီးထုတ်လုပ်ပြီး ဖလှယ်ပြသခြင်း၊ နိုင်ငံပိုင်ရုပ်သံများ၊ Websites များ၊ Social Media များပေါ်တွင် ဖော်ပြခြင်းများအပြင် Power Point Presentation များ ပြုလုပ်ကြမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံက တာဝန်ယူကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ Online ဖြင့် ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းကိုင်မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းနှင့် ကိုဗစ် - ၁၉ စင်တာများသို့ အာဟာရဖြည့်စွက်စာများ ထောက်ပံ့လှူဒါန်း

**မိုင်းကိုင် ဖေဖော်ဝါရီ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်းတွင် ဘုန်းတော်ကြီးကျောင်းများနှင့် ကိုဗစ် - ၁၉ စင်တာများသို့ အာဟာရဖြည့်စွက်စာများကို လှူဒါန်းထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမောင်နှင့် တာဝန်ရှိသူများသည် မြို့နယ်ပြည်သူ့ဆေးရုံရှိ ကိုဗစ် - ၁၉ စင်တာနှင့် မဟတ်ကျေးရွာဘုန်းတော်ကြီးကျောင်းရှိ သံဃာတော် ၄၇ ပါးအတွက် အာဟာရဖြည့်စွက်စာ ကြက်ဥ၊ ပြောင်းဖူး၊ ကွေကာအုပ်၊ ရေသန့်ဘူး၊ C-Vit ဘူး၊ ယမ်ယမ်ခေါက်ဆွဲ၊ သီးစုံဓာတ်ဆားထုပ်၊ ရော်ဘာလက်အိတ်၊ Mask ဘူး အစရှိသည်များကို သွားရောက်လှူဒါန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော်  ဖေဖော်ဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နေ ကျော်ကျော်သည် ၎င်းအသုံးပြုသည့် “Kyaw Kyaw” Facebook အကောင့်၊ မိတ္ထီလာမြို့နယ်နေ ချောစုသည် ၎င်းအသုံးပြုသည့် “Kandra Laz” Facebook အကောင့်၊ ညောင်ဦးမြို့နယ် နေ ချယ်ရီ(ခ)ချယ်ရီအောင်၊ နှင်းနှင်း(ခ)နှင်းနုဝေနှင့် မင်းသန့်ကို(ခ)ကုလားလေးတို့သည် ၎င်းတို့ အသုံးပြုသည့် “Cherry” Facebook အကောင့်၊ “Hin Hin” Facebook အကောင့်နှင့် “Min Thant Ko” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ ဥက္ကာမင်းနှင့် ဝိုင်းနဒီကျော်တို့သည် ၎င်းတို့အသုံးပြုသည့် “Okkkar Min” Facebook အကောင့်နှင့် “Wine Nadi Kyaw(Yam Lady Wine)” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေများအတွင်း၌ စစ်သင်တန်းတက်ရောက်ခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်


**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ ပန်းခြံ(၃)လမ်းနေ သန်းဦး(ဘ)ဦးမြဟန်သည် ၂၀၂၁ ခုနှစ် မတ် ၁၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အတွင်း၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းနှင့် ၎င်းတို့အား ငွေကြေး ထောက်ပံ့ခြင်းတို့ကြောင့်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၇)ရပ်ကွက် ဦးပုည(၁)လမ်းနေ ဆုရည်ပိုင်(ခ)မီးမီးသည် အကြမ်းဖက် လုပ်ငန်းများ



အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)အမှုမှ တရားခံ သန်းဦး

လုပ်ဆောင်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း၌ သင်တန်းတက်ရောက်ခြင်းနှင့် အကြမ်းဖက်အုပ်စုကို ငွေကြေးထောက်ပံ့ခြင်းတို့ကြောင့်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ခွာညို(၅)လမ်းနေ မိုမိုကို(ဘ)ဦးဝင်းထူး



အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)အမှုမှ တရားခံ ဆုရည်ပိုင်(ခ)မီးမီး

သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက် အုပ်စုများအဖြစ် သတ်မှတ် ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းနှင့် ၎င်းတို့အား ငွေကြေးထောက်ပံ့ခြင်းတို့ကြောင့် လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ၎င်းတို့အား “ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ်အမိန့် ချမှတ်လိုက်ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက် ရှိကြောင်း သတင်း ရရှိသည်။ သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဖေဖော်ဝါရီ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ်ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးနှစ်စီးဖြင့် နှာခေါင်းစည်း (Mask) ခြောက်တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## မွန်ပြည်နယ် ရေးမြို့နယ်၌ ရထားလမ်းသွားသံပေါင်ဘေလီတံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး


**နေပြည်တော်  ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် ရေးမြို့နယ် တော်ကမာကျေးရွာအနီးရှိ သဃ်န်းကျွန်းချောင်းအား ဖြတ်သန်းဆောက်လုပ်ထားသည့် ရေး-မော်လမြိုင်သွားရထားလမ်း တံတားအမှတ် (၁၇၃) ရထားလမ်းသွား သံပေါင်ဘေလီတံတားအား ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီခန့်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေး-မော်လမြိုင်သွား ရထားလမ်း တံတားအမှတ် (၁၇၃) မိုင်တိုင်အမှတ် ၂၅၆ မိုင် ၁၈ ဖာလုံနှင့် ၂၁ ဖာလုံကြား အလျား ပေ ၆၀၀ ခန့်ရှိ သံပေါင်ဘေလီတံတား၏ အလယ်အူတိုင်အနီးသို့ အကြမ်းဖက်သမား အမျိုးသားလေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားအောက်ခံ ဘေလီပေါင်နှစ်ချောင်းကွေး၍ တံတားဘေးကာသံတိုင် နှစ်ချောင်း ပြတ်ထွက်ပျက်စီးခဲ့ကြောင်းနှင့် မိုင်းပေါက်ကွဲ၍ တံတားထိခိုက်ပျက်စီးမှုကြောင့် ရေး-မော်လမြိုင် ရထားခရီးစဉ်အား ရပ်နားထားရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန် ရည်ရွယ်၍ ရထားဖြတ်သန်းသွားလာသော သံပေါင်ဘေလီတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တံတားအား အမြန်ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုပွဲတွင် တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေဆင်နွှဲကြတော့မည့် တိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့များ၏ စကားသံများ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ တိုင်းရင်းသား ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များသည် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နေပြည်တော်သို့ ရောက်ရှိလာခဲ့ကြပြီဖြစ်သည်။

စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေကြမည့် ရိုးရာအက အလှတေးသီချင်းအကြောင်းအရာများကို ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းထား၍ ရေးသားဖော်ပြလိုက်ရပါသည်။



စောကျော်လွင်ထူး



ဒေါ်ဆာဆု



မဝင်းသန္တာလှိုင်



ဦးအောင်သူလတ်

**နန်းဖြိုးဖြိုးစံ၊ အုပ်ချုပ်သူ၊**
**ကရင်ပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့**

ကျွန်မတို့ ကရင်ပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ အနေနဲ့ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၄၀ တက်ရောက်လာပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာ **ဖွံ့ဖြိုးဝေစည်ဒို့ဌာနေ** သီချင်းကို ရိုးရာဒုံးအကနဲ့ တင်ဆက်ကပြသွားမှာဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့အနေနဲ့ ဒီသီချင်းနဲ့ ရိုးရာဒုံးအကကို အဆင်ပြေပြေ တင်ဆက်ကပြဖျော်ဖြေနိုင်ဖို့အတွက် တစ်လနီးပါးအချိန်ယူပြင်ဆင်ခဲ့ရပါတယ်။ ညီညီညာညာ တက်တက်ကြွကြွတင်ဆက် ကပြနိုင်ဖို့အတွက် အချိန်ယူပြင်ဆင်ခဲ့ကြပါတယ်။ ကျွန်မတို့ စိန်ရတုပြည်ထောင်စုနေ့ကြီးကို ဆင်နွှဲကြရတော့မှာဖြစ်တဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ တိုင်းရင်းသားတွေအားလုံးနဲ့လည်း တွေ့ဆုံရမှာဖြစ်တဲ့အတွက် ပိုပြီးတော့ ပျော်ရွှင်မိပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကြီးမှာ ပါဝင်ဆင်နွှဲရမှာဖြစ်တဲ့အတွက် အတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်ရှင်။

**စောကျော်လွင်ထူး၊ ကရင်ပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့**

ကျွန်တော်တို့က **ဖွံ့ဖြိုးဝေစည်ဒို့ဌာနေ** သီချင်းနဲ့ ကပြဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအကကို အဆင်ပြေပြေကပြဖျော်ဖြေနိုင်ဖို့ တစ်လလောက်ထိ အချိန်ယူ လေ့ကျင့်ခဲ့ကြပါတယ်။ စိန်ရတုပြည်ထောင်စုနေ့ကြီးမှာ ပါဝင်ကပြဖျော်ဖြေကြရတော့မယ်ဆိုတော့ အတိုင်းမသိဝမ်းသာတာပေါ့။ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ ကျွန်တော်တို့ တွေ့ဆုံရတယ်။ ရင်းနှီးခွင့်ရတယ်ဆိုတော့ တကယ်ကိုပဲ ဝမ်းသာမိပါတယ်။ နောင်နှစ်တွေမှာလည်း ထပ်ဆုံရဦးမယ်လို့ မျှော်လင့်မိပါတယ်။

**ဒေါ်ဆာဆု၊ အုပ်ချုပ်သူ၊ ချင်းပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့**

ကျွန်မတို့ ချင်းပြည်နယ်အကအဖွဲ့အနေနဲ့ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၃၆ ဦး ပါဝင်ပါတယ်။ ကျွန်မတို့က ချင်းပြည်နယ်ကိုယ်စားပြု ချင်းယဉ်ကျေးမှု အကနဲ့ ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့က ပလက်ဝမြို့က ချင်းရိုးရာ ယဉ်ကျေးမှုအကနဲ့ တင်ဆက်ကပြဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ သီချင်းနာမည်က **ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းပါစေ** ဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ကျွန်မတို့ ပလက်ဝမြို့က နိုင်ငံတော်အဆင့်ပွဲတွေ မသွားရတာလည်းကြာပြီ။ ဒီတစ်နှစ်တော့ အခြေအနေအကြောင်းကြောင်းကြောင့် ကျွန်မတို့ ပလက်ဝမြို့က လာရောက်ဖျော်ဖြေပါတယ်။ ကျွန်မတို့ကလည်း (၇၅) နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ကို ကြုံတောင့်ကြုံခဲ ဆင်နွှဲရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။

**မောင်ရှာမွေလ၊ ချင်းယဉ်ကျေးမှုအကအဖွဲ့**

ကျွန်တော်တို့အဖွဲ့အနေနဲ့ ချင်းယဉ်ကျေးမှုအကနဲ့ ဖျော်ဖြေဖို့ တစ်လကျော်ကျော်လောက် အချိန်ယူ လေ့ကျင့်ခဲ့ကြပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုအခမ်းအနားမျိုးနဲ့ ပြည်ထောင်စုပွဲမျိုးကို တစ်ခါမှ မပါဝင်ခဲ့ဖူးပါဘူး။ ဒီပွဲက ကျွန်တော့်အတွက် နိုင်ငံတော်အဆင့်အနေနဲ့ ပထမဆုံးအကြိမ် ဖျော်ဖြေရတဲ့ပွဲလည်း ဖြစ်ပါတယ်။အခုလို ပါဝင်ဖျော်ဖြေရမှာဖြစ်တဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ပီတိလည်း ဖြစ်မိပါတယ်။

**ဒေါ်ခင်အေးချို၊ အကနည်းပြ၊ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့**

ကျွန်မတို့က ၁၉၈၁ ခုနှစ်က တင်ဆက်သွားတဲ့ ယိမ်းအကပါ။ ဒီဂန္ထဝင်ဆန်တဲ့သီချင်းကို အသစ်တစ်ဖန် ပြန်လည်ဆန်းသစ်ပြီးတော့ တင်ဆက်သွားမှာပါ။ သီချင်းရဲ့နာမည်ကတော့ **ဆီမီးတစ်ထောင်ကြာသွပ်ပွဲ** ဖြစ်ပါတယ်။ ဒီသီချင်းကို ကပြဖျော်ဖြေမယ့်သူက ၂၄ ဦးပါ။ အတီးပိုင်း ပံ့ပိုးမယ့်သူက ခြောက်ဦး ဖြစ်ပါတယ်။ အဆိုရှင်က နှစ်ဦးဆိုတော့ စင်ပေါ်တက်ရောက်ဖျော်ဖြေမယ့်သူက ၃၂ ဦး ဖြစ်ပါတယ်။ ဒီနှစ်က အရင်နှစ်တွေ၊ နှစ်တွေကနဲ့မတူတဲ့ စိန်ရတု ပြည်ထောင်စုနေ့လည်းဖြစ်တယ်။ အရင်နှစ်ကဆိုရင်လည်း ကိုဗစ်ရောဂါကြောင့် တိုင်းရင်းသားတွေ မဆုံခဲ့ကြရဘူး။ အခုကျတော့ ဒီတစ်နှစ်မှာတော့ ဗိုလ်ရှုခံလည်းပါတယ်။ အလှပြယာဉ်တွေလည်းပါတယ်ဆိုတော့ ကျွန်မတို့အတွက် ကြုံတောင့်ကြုံခဲပေါ့။

**မဝင်းသန္တာလှိုင်၊ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့ဝင်**

သမီးတို့အကအဖွဲ့က ရခိုင်ရိုးရာဓလေ့ကို ဖော်ပြထားတဲ့ **ဆီမီးတစ်ထောင် ကြာသွပ်ပွဲ** ဆိုတဲ့ သီချင်းနဲ့ ကပြဖျော်ဖြေသွားမှာဖြစ်ပါတယ်။ ဒီအကကို သမီးတို့အဖွဲ့အနေနဲ့ အချိန်ယူပြီး သေချာပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ စိန်ရတုပြည်ထောင်စုနေ့ကြီးမှာ ပါဝင်ဆင်နွှဲရတော့မယ်ဆိုတော့ ပျော်ရွှင်မိပါတယ်။

**ဒေါ်မိမြသန်း၊ အကနည်းပြ၊ မွန်ပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့**

ကျွန်မတို့ မွန်ယဉ်ကျေးမှုအကအဖွဲ့က လူဦးရေ ၂၆ ယောက်နဲ့ ကပြဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ကတဲ့ အကက **ဟသ်ာတို့ ပျော်စံရာမြေ** ဆိုတဲ့ သီချင်းနဲ့ဖျော်ဖြေသွားမှာဖြစ်ပါတယ်။အခုလို ကျွန်မတို့အဖွဲ့ရဲ့ ကျန်းမာရေးကအစ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးတဲ့အတွက် သက်ဆိုင်ရာအသီးသီးကို ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ပြည်ထောင်စုပွဲအတွက် လာရောက်ကြတဲ့ တိုင်းရင်းသားတွေနဲ့တွေ့ရတဲ့အတွက် အများကြီးဝမ်းသာရပါတယ်။

**မစန္ဒာလင်း၊ မွန်ပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့**

မွန်ပြည်နယ်အကအဖွဲ့အနေနဲ့ **ဟသ်ာတို့ ပျော်စံရာမြေ** ဆိုတဲ့ သီချင်းနဲ့ဖျော်ဖြေမှာပါ။ ကျွန်မတို့ အကအဖွဲ့ဆရာမကလည်း အခြေခံကအစ သေချာသင်ကြားပေးပါတယ်။ စိန်ရတု ပြည်ထောင်စုပွဲကြီးကို ဆင်နွှဲရတော့မယ်ဆိုတော့ အလွန်ပျော်ပါတယ်။ တစ်ခါမှလည်း နေပြည်တော်ကို မရောက်ဖူးဘူး။ အခုမှ ရောက်ဖူးတာပါ။ ပြည်ထောင်စုပွဲကြီးကိုလည်း အခုမှ ပါဝင်ဆင်နွှဲဖူးတာပါ။ကျွန်မတို့အတွက် အတွေ့အကြုံသစ်တွေလည်း ရတယ်။ နယ်မြေသစ်ကို ရောက်ဖူးတဲ့အတွက် ဗဟုသုတတွေလည်းရတယ်။ နေပြည်တော်မှာရှိတဲ့ အထင်ကရ နေရာတွေကိုလည်း သွားရောက်လေ့လာရတဲ့အတွက် ဗဟုသုတတွေလည်း ရပါတယ်။

**ဒေါ်နီနီမင်းသိန်း၊ အုပ်ချုပ်သူ၊ ကယားပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့**

ကျွန်မတို့ ကယားပြည်နယ်အကအဖွဲ့အနေနဲ့ လူဦးရေ ၂၅ ဦးနဲ့ ကပြဖျော်ဖြေသွားမှာပါ။ ကမယ့်သီချင်းက ကယားကိုးမျိုးအကနဲ့ ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ကယား ကိုးမျိုးဆိုတာကတော့ ကယားမျိုးနွယ်စုကိုးမျိုးရဲ့ ရိုးရာအကတွေ ပေါင်းစပ်ပြီး ကပြဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ စိန်ရတုပြည်ထောင်စုနေ့ကြီးမှာ ကယားပြည်နယ်ကိုယ်စားပြု ဖျော်ဖြေရတဲ့အတွက် ဂုဏ်ယူပါတယ်။ ကျွန်မတို့ အခက်အခဲတွေကြားထဲက စုစည်းပြီးတော့မှ လာရောက်ရတဲ့အတွက်လည်း ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုပါပဲ။

**ဦးအောင်သူလတ်၊ အကနည်းပြ၊ ကယားပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့**

ကျွန်တော်တို့ ကယားပြည်နယ်အကအဖွဲ့အနေနဲ့ ကယားမျိုးနွယ်စုကိုးမျိုးရဲ့ ရိုးရာတောင်ယာလုပ်ငန်းတွေ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ဖော်ကျူးထားတဲ့ တေးသီချင်းနဲ့ သရုပ်ဖော် တင်ဆက်ကပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အကကို လေ့ကျင့်လာခဲ့တာ တစ်လလောက် ရှိနေပါပြီ။ တစ်လဆိုပေမယ့်လို့ အခက်အခဲတွေကြားထဲကနေ ကျွန်တော်တို့ လေ့ကျင့်ကြရတာပါ။ စိန်ရတုပြည်ထောင်စုပွဲကြီးကို ဆင်နွှဲရတော့မယ်ဆိုတော့ အလွန်ပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ထောင်စုဆိုတဲ့ အနှစ်သာရကြီးကို ဖော်ကျူးရမယ်ဆိုတော့ ပျော်တာပေါ့။

**ဒေါ်ရွယ်ဆိုင်း၊ အုပ်ချုပ်သူ၊ ကချင်ပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့**

ကျွန်မတို့ ကချင်ပြည်နယ် ယဉ်ကျေးမှုအကအဖွဲ့အနေနဲ့ **ပြည်ထောင်စုရဲ့ မြောက်ဘက်ဆီသို့** အလည်လာပါ တေးသီချင်းနဲ့ သီဆိုကပြဖျော်ဖြေ တင်ဆက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ အကအဖွဲ့မှာ အမျိုးသမီး အမျိုးသား ၂၈ ဦးနဲ့ တင်ဆက်ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ကျွန်မတို့ စိန်ရတုပြည်ထောင်စုနေ့ကို ပါဝင်ဆင်နွှဲရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ် အဖွဲ့များသည် နေပြည်တော်သို့ ရောက်ရှိစဉ်ကာလအတွင်း ဖေဖော်ဝါရီ ၆ ရက်တွင် အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)၊ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက်၊တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုများ ဖေဖော်ဝါရီ ၇ ရက်တွင် ဥပ္ပါတသန္တိစေတီတော်၊ လွှတ်တော်အဆောက်အအုံ၊ ကျောက်မျက်ရတနာ ပြတိုက်၊ နေပြည်တော် ဗုဒ္ဓဂယာဘုရား၊ ရေပန်းဥယျာဉ်၊ Junction Centre တို့ကို သွားရောက်လေ့လာကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – စိုင်းထွန်းနေလှိုင် (ဒက္ခိဏ)**

**စာပေ မြင့်မှ လူမျိုး တင့်မည်**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၃၁ ဆူ | ၁၅၆ ဆူ | ၅၇၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လှူ | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လှူ | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)နှင့် Expansion Joint | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၁၉၉၂။ | ဒုတိယဗိုလ်ချုပ်ကြီးအောင်ဇော်အေး နှင့်ဇနီး ဒေါ်နှင်းဝေ(သား)မောင်အောင်ကောင်းမြတ်(သမီး)မသီရိဇော် မိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၁၉၉၃။ | နှစ်ဖက်သောမိဘများအား အမှူးထားရည်စူး၍ မိခင်ကြီး ဒေါ်ခင်လေးမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုး မိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၁၉၉၄။ | နှစ်ဖက်သောမိဘများ အားအမှူးထား၍ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်နှင့်ဇနီး ဒေါ်တင်စောယုလှိုင်(သမီး)မငုဝါလှိုင်၊ မဇီဇဝါလှိုင်မိသားစု ကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၁၉၉၅။ | ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်း နှင့်ဇနီး ဒေါ်လွင်မီသင်(သား)ကိုသုတကံ၊ ကိုပြည့်စုံကံ(သမီး) မခင်ဖူးငုံကံ မိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၁၉၉၆။ | ပြည်ထဲရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်း မိသားစုများ (ကျောက်စာရုံစေတီ ၂ ဆူလှူဒါန်း) | နေပြည်တော် | ၅၅၈၀၀၀၀ |
| ၁၉၉၇။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးထွန်းအောင်ကြည်နှင့်ဇနီး ဒေါ်ခင်ဆွေဦး(DHANA HTUN Co.,Ltd.) မိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၁၉၉၈။ | ကွယ်လွန်သူ ဦးမောင်မောင်သန်းထွန်း အားရည်စူး၍ ဦးအောင်သူရနှင့်ဇနီးဒေါ်ကြွယ်စိမ့်ဖုန်းမြတ်ခိုင် မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀၀၀ |
| ၁၉၉၉။ | ဗိုလ်ကြီးဖြိုးမောင်မောင်နှင့်ဇနီး မအေးမွန်သန့် မိသားစု | လားရှိုးမြို့ | ၁၀၀၀၀၀ |
| ၂၀၀၀။ | တပ်မတော်အထည်ချုပ်စက်ရုံ (ဝါယာလက်)ချုပ်လုပ်ငန်း(၁၀)မှ တာဝန်ခံနှင့် ဝန်ထမ်းများ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၀၀၁။ | ကွယ်လွန်သူဖခင်ကြီး ဦးယုံကြည်အားရည်စူး၍ ကျန်ရစ်သူမိခင်ကြီး ဒေါ်ခင်ကြည်နှင့် သားသမီးမိသားစု ဒေါ်ခင်ကြည် (၈၉)နှစ်ပြည့်မွေးနေ့အလှူ | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၀၀၂။ | ဦးအောင်သောင်းနှင့်ဇနီးဒေါ်ခင်ဝင်းမိသားစု | ဒလမြို့ | ၃၆၀၀၀၀ |
| ၂၀၀၃။ | (၄၉)နှစ်ပြည့်မွေးနေ့အလှူ ဒုအရာခံဗိုလ်စာရေး မင်းဇော်နှင့်ဇနီးဒေါ်နိန်ငိုက်ကျိန် (သား)မောင်ထွဋ်မြတ်ဇော်နှင့်ဇနီး မအိမ့်သရဖီကျော်၊ မောင်ဖွဲ့မြတ်ဇော်၊ (သမီး)မမြင့်မြတ်နိုးဇော် (Garden Light-၁ တိုင်လှူဒါန်း) | ပြည်မြို့ | ၁၂၀၀၀၀ |
| ၂၀၀၄။ | ဦးဝင်းထွန်းနှင့်ဇနီးဒေါ်ဖြိုးသီရိဌေး မိသားစု (Garden Light-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၂၀၀၀၀ |
| ၂၀၀၅။ | ဦးမျိုးအောင်စိုးနှင့်ဇနီးဒေါ်မြင့်မြင့်ရီမိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၀၀၆။ | နှစ်ဖက်မိဘများအား ရည်စူး၍ ဦးစိုးနိုင်(ဒုထွေ/ဂျာ၊ ကျောက်မျက်)နှင့်ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်စမ်းစမ်းမြင့်(သား) မောင်မျိုးမင်းကျော်(သမီး)မသန္တာအိမ် မိသားစု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၂၀၀၇။ | ပြန်ကြားရေးဝန်ကြီးဌာန အရာထမ်း/အမှုထမ်း မိသားစုများ | နေပြည်တော် | ၁၅၃၂၁၅၀ |
| ၂၀၀၈။ | ဦးစိုးဟန်(ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)နှင့်ဇနီး ဒေါ်မိုးမိုးသက် (သမီး) မဆုနန္ဒာဟန်၊ မသီရိစိုးဟန်၊ မရွှေရည်နန္ဒာဟန် (မဟာရံတံတိုင်းထောင့်တိုင်-၁ တိုင် လှူဒါန်း) | နေပြည်တော် | ၁၅၀၀၀၀၀ |
| ၂၀၀၉။ | ဒေါ်လှရီ(သမီး) ဆရာလေး ဒေါ်ဉာဏသိင်္ဂီ၊ မစိုးစိုး | မြိတ်မြို့ | ၅၀၀၀၀၀ |
| ၂၀၁၀။ | ဦးဝါယမ(ခ)ဦးလှရွှေနှင့်ဇနီး ဒေါ်ညွန့်ညွန့်တို့အား ရည်စူး၍ ဦးအောင်မြင့်+ဒေါ်မြသန်း မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၀၁၁။ | ဦးမြင့်သိန်း | မုံရွာမြို့ | ၅၀၀၀၀ |
| ၂၀၁၂။ | ဦးအောင်မြင့်မြတ်နှင့် ဇနီး ဒေါ်နွေးနွေးဝင်းစံ(သမီး)မဖေးဖေးချစ် | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၂၀၁၃။ | ဒေါ်သန်းသန်းခင် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၀၁၄။ | ဒေါ်ခင်ဌေး | တောင်တွင်းကြီးမြို့ | ၂၅၀၀၀၀ |
| ၂၀၁၅။ | ဦးသိန်းမြင့် မိသားစု | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၀၁၆။ | ဦးသန်းအုန်းနှင့်ဇနီး ဒေါ်ခင်မျိုးဆွေ (Garden Light-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၀၁၇။ | မရှင်းသန့်မွန်၊ မယွန်းဧကရီသန့် (Garden Light-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၀၁၈။ | ဦးတိုးမောင်နှင့်ဇနီး ဒေါ်တင်မိ မိသားစု | တန့်ဆည်မြို့ | ၃၀၀၀၀ |
| ၂၀၁၉။ | ဒေါ်တင်တင်ဌေး (စကျင်ကျောက်ပြား-၁ ကျင်းလှူဒါန်း) | ဟင်္သာတမြို့ | ၄၇၀၀၀၀ |




အထက်ဖော်ပြပါအမှတ်တံဆိပ်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ နတ်ရေကန်လမ်းမကြီးတွင် တည်ရှိသော ဦးအေးထွန်းဦး (မှတ်ပုံတင်အမှတ်-ကကယ-၁၅/၀၁/၀၈၃)ဖြင့် တည်ထောင်ဖွင့်လှစ်ထားသော "တော်ဝင်ထူး"ကိုယ်ပိုင်အထက်တန်းကျောင်းအမှတ်တံဆိပ်အဖြစ် မူပိုင်ခွင့်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လားရှိုးမြို့၊ အမှတ် (၁၂)ရပ်ကွက်၊ နယ်မြေ (၃)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (မန်ဆူတိုးချဲ့-အဆင့် ၆)၊ ဦးပိုင်အမှတ် (၆၂၂)၊ မြေချိန်ဧရိယာ ၀ဒသမ၀၉၆ကေရှိ မြေဂရန်အမှုတွဲအမှတ်-၆၅၂-၅/၁၉၉၇-၁၉၉၈(စီ)မှာ ဦးကျင်အောင် ၁၃/လရန(နိုင်)၀၀၈၈၄၂ ကိုင်ဆောင်သူ အမည်ပေါက်ပိုင်ဆိုင်ပြီး ယင်းမြေကွက်ကို အရောင်းအဝယ်စာချုပ်အမှတ်-၃၆၊/၂၀၀၂ ဖြင့် ဒေါ်ခေါင်ညွှယ် ၁၃/လရန (နိုင်)၀၂၈၅၅၂ ကိုင်ဆောင်သူက ဝယ်ယူခဲ့ပါသည်။ ဒေါ်ခေါင်ညွှယ်ထံမှ ဦးကြည်ဝေလင်း ၁၃/လရန(နိုင်)၁၃၁၆၅၉ ကိုင်ဆောင်သူနှင့် ဒေါ်ချွင်ချွင် ၁၃/လရန(နိုင်)၂၂၀၃၉၉ ကိုင်ဆောင်သူတို့မှ အရောင်းအဝယ်စာချုပ်အမှတ်-၂၁၈၊/၂၀၂၁ အရ ဝယ်ယူပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှရက် ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၅)၊ အကွက်အမှတ် (အမက-၇ ကျောင်းကွက်)၊ ဦးပိုင်အမှတ် (၁၄၉၉)၊ ဧရိယာ ၀ဒသမ၀၆၈ကေရှိ မြေကွက်ကို ရပ်ကွက် (၄+၅+၆) မီးလောင်ပြင်မြေနေရာချထားရေးအဖွဲ့မှ ဦးရန်ယုကျင်း အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးခဲ့ပြီး အရပ် အရောင်း/အဝယ်စာချုပ်ဖြင့် ဒေါ်ကျင်လောက် ၁၃/လရန (နိုင်)၀၅၃၂၇၀သို့ ရောင်းချခဲ့ပြီးဖြစ်၍ မြေငှားဂရန်အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ခရိုင်ထွေ/အုပ်၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅၂)လမ်း၊ အမှတ်(၉၅)၊ ပညာရေးဝန်ကြီးဌာနပိုင်မြေနေရာတွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် လင်းဘရားသား ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောက်လုပ်ခဲ့သော (၄)ခန်းတွဲ (၈)ထပ် အဆောက်အအုံမှ ကုမ္ပဏီရရှိသော အခန်းအမှတ်(၀၀၁)၊ (၀၀၂)၊ (၀၀၃)၊ (၀၀၄)၊ (၁၀၁)၊ (၁၀၂)၊ (၁၀၃)၊ (၁၀၄) စုစုပေါင်း (၈)ခန်းအား ဦးဘာဘူရေဆင်(ခ)ဦးသိန်းလွင် ၁၂/ပဇတ(နိုင်)၀၁၁၂၂၀ မှ ဝယ်ယူပြီးဖြစ်ပါ၍ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်2P/1790 Cheng Long LZ3120 Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ငြိမ်းအေး ၉/ပဥလ(နိုင်)၀၁၃၅၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/28688 Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟန်ကြည် ၁၃/နခန (နိုင်)၀၃၃၆၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/6668 Toyota Landcruiser HDJ 101 S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနီလာ ၁၃/နခန(နိုင်)၀၃၇၃၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၁၅၈-ခ)၊ ဝဲကျွန်းထိန်လယ်အနောက်ရပ်ကွက်၊ အိမ်ရာမြေ၊ ဒေါ်အုံးကြည် အမည်ပေါက် ဧရိယာ(၀ဒသမ၀၃၇)ကေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ဒေါ်မြမြသိန်း ၆/ထဝန(နိုင်)၀၂၀၇၆၅မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ကြောင်း တာဝန်ယူ၍ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်အိအိမိုး | ဒေါ်စုစန္ဒီလှိုင် | ဒေါ်လှဲ့လှဲ့လှိုင် |
| (စဉ်-၁၂၀၉၇) | (စဉ်-၅၁၅၂၅) | (စဉ်-၅၄၀၂၀) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**May & partners Law Firm**
**အမှတ်(၉၅/က)၊ နတ်စင်လမ်း၊ ရှမ္ဗလည်ဆွဲရပ်ကွက်၊ ထားဝယ်မြို့၊**
**ဖုန်း-၀၉-၂၅၄၈၂၆၄၇၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3C/3976၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## အမည်ပြောင်း

ဦးစိုင်းဘုန်းမြင့် ၁/မကတ(နိုင်)၀၂၁၂၄၁၏ သား ပြည်မြို့ Shinning Star ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-1 မှ မောင်ဟိန်းသူရကျော်အား မောင်ဟိန်းဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းဘုန်းခန့်**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## မြေကွက်အရောင်းအဝယ်စာချုပ်ဖျက်သိမ်းခြင်း

လှိုင်လင်မြို့၊ ရပ်ကွက်(၄)၊ အကွက်အမှတ်(၃၇)ပေါ်ရှိ အလျား (၅၄)ပေ x အနံ(၉၄)ပေ၊ ဧရိယာ(၀ဒသမ၁၁၇)ကေ မြေကွက်ပိုင်ဆိုင်သူ ဦးမြင့်အောင် ၁၃/လလန(နိုင်) ၀၀၅၈၇၁မှ ဦးမျိုးမင်းဦး ၁၃/လလန(နိုင်)၀၅၅၅၃၉အား (၁၃-၆-၂၀၂၀)ရက်၌ ရပ်ကွက်(၄)အုပ်ချုပ်ရေးမှူးရုံးတွင် တန်ဖိုးငွေကျပ် (၃၇၀၀၀၀၀/-)ဖြင့် နှစ်ဦးသဘောတူစာချုပ်တွင် စရန်ငွေ(၁၅၀၀၀၀၀/-) ပေးချေပြီး ကျန်ငွေ(၂၂၀၀၀၀၀/-)အား (၁၃-၇-၂၀၂၀)ရက်တွင် မပျက်မကွက်ပေးရန် ကတိကဝတ်ပြုခဲ့သော်လည်း ယနေ့တစ်နှစ်နီးပါးခန့်ကြာသော်လည်း ရပ်ကွက်မှစာထုတ်ညှိနှိုင်းရန် ရုံးသို့ခေါ်သော်လည်း လိုက်နာဆောင်ရွက်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ယနေ့မှစ၍ မြေအရောင်းအဝယ်စာချုပ်အား ဖျက်သိမ်းပြီးဖြစ်ပါသဖြင့် ယနေ့မှစ၍ ကျွန်တော်သာလျှင် မြေဝိုင်းပိုင်ဆိုင်သူ ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်အောင်(လှိုင်လင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့၊ အောင်စေတနာ(ခ)ရပ်ကွက်၊ အမှတ်(၆၄၉)၊ မြေအကျယ် အဝန်း (၆၀ x ၆၅)ပေရှိ အခွန်စည်းကြပ်ခံရသူ ဗိုလ်မှူးချုပ်တင့်ဆွေအမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင် ခွင့်ရှိသူ ဦးစိန်ကြိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါဝိုင်းမြေ (၆၀x၆၅)ပေကို အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား မူရင်းစာရွက်စာတမ်းခိုင်မာစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နှင်းယုဆွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၀၇/၂၀၁၄)**
**အမှတ်(၁၀)၊ အဝေရာလမ်း၊ ရန်ကျော်ရပ်ကွက်၊ မကွေးမြို့၊**
**ဖုန်း-၀၉-၄၀၁၅၉၃၃၃၆**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**
**ရှမ်းပြည်နယ်တရားလွှတ်တော်**
**၂၀၂၁ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် -၇၉**

| | | |
|---|---|---|
| ဦးအောင်မြင့်ပါ-၆ | **နှင့်** | ၁။ ဦးခွန်ထီးရှန် <br> ၂။ ဒေါ်မီမီ |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

၂၀၂၁ခုနှစ်၊ အောက်တိုဘာ ၁၁ရက်စွဲပါ တောင်ကြီးခရိုင် တရားရုံးတော်မှ တရားမဇာရီမှုအမှတ် ၆၆/၂၀၁၄ ကိုပြင်ဆင်မှု။

လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်မီမီ အမှတ်(၉၄)၊ မြကန်သာလမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် တောင်ကြီးခရိုင် တရားရုံးတော်က ချပေးသည့် ထုံးပုံကျအမိန့်ကို လျှောက်ထားသူ ဦးအောင်မြင့်ပါ-၆ဦးက ပြင်ဆင်မှု လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၁၁ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးကျော်သန်း၏ သမီး မပပဆန်းကျော် ၁၂/ရကန(နိုင်)၀၀၆၄၄၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ မပပဆန်းကျော်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အေးချမ်းသာယာရပ်ကွက်နေ ဦးသိန်းအေး၏သား ၉/ပသက(နိုင်)၀၉၃၉၀၇ ကိုစိုင်းဝဏ္ဏဟန်(ခ)Artistဘစိုင်းဝဏ္ဏတို့သည် (၂၇-၄-၂၀၂၀)ရက်မှစ၍ ယနေ့အချိန်ထိ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ထို့ကြောင့် ကိုစိုင်းဝဏ္ဏဟန်(ခ)Artist ဘစိုင်းဝဏ္ဏ ရေးဆွဲထားပြီးသော ပန်းချီကားများ၊ ယခုရေးဆွဲနေသော ပန်းချီကားများနှင့် နောက်နောင်ရေးဆွဲမည့် ပန်းချီကားများကို ကိုစိုင်းဝဏ္ဏဟန်(ခ)Artist ဘစိုင်းဝဏ္ဏ၏ တရားဝင်ဇနီးဖြစ်သူ မပပဆန်းကျော် သိရှိခြင်း၊ သဘောတူခွင့်ပြုခြင်းမရှိဘဲ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်း လွှဲပြောင်းခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ရောင်းဝယ်လွှဲပြောင်းခြင်း အတည်မဖြစ်ဘဲ မပပဆန်းကျော်မှ ပန်းချီကားများကို ပြန်လည်သိမ်းဆည်းခြင်း ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မပပဆန်းကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၅၄/၂၃-၁-၂၀၁၄)**
**အခန်းအမှတ်(ဘီ-၁)၊ အမှတ်(၂၅-ဃ)၊ မေခလမ်း၊ ဟော်ကုန်း၊ (၂-ကွက်)၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
# အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၂ )
## ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
## (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း ကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)နှင့် လစာနှုန်းကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | ခန့်အပ်မည့်ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | စက်မှုကျွမ်းကျင်(၂)/ကျွမ်းကျင်(၂) (အသိ အမှတ်ပြု)/ကျွမ်းကျင်(၂)(စံချိန်စံညွှန်း) ကျွမ်းကျင်(၂)(တိကျတိုင်းတာမှုနည်းပညာ) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၁၄ | B.Sc(Physics), B.Sc(Chemistry), B.Sc(Mathematics), B.A(English), B.Com, B.A(Eco), B.E(Materials and Metallurgy), B.E(Chemical), B.S(Biotechnology), B.Sc(Microbiology), B.Sc(Bio Chemistry), B.Sc(Industrial Chemistry), B.Sc(Botany), B.E(Electrical Power), B.E (Mechanical) (သိပ္ပံဘွဲ့၊ မဟာသိပ္ပံဘွဲ့များ လျှောက်ထားနိုင်ပါသည်။) |
| (ခ) | စက်မှုကျွမ်းကျင်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၆ | G.T.H.S, A.G.T.I (B.E, M.E များလည်း လျှောက်ထားနိုင်ပါသည်။) |
| (ဂ) | သုတေသနလက်ထောက်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၅ | Ph.D(Information Technology), M.C.Sc, M.C.Tech |
| (ဃ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၅ | B.Sc(Physics), B.Sc(Chemistry), B.Sc(Mathematics), B.C.Sc |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန(နေပြည်တော်)၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန(ရန်ကုန်) နှင့် ဦးစီးဌာန၏ Website-www.dri.gov.mm တို့တွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲ၍ (၂၈-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည် -

- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) Ph.Dဘွဲ့ရများသည် (၃၁-၁-၂၀၂၂)ရက်နေ့တွင် အသက် (၄၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ Master ဘွဲ့ရများသည် (၃၁-၁-၂၀၂၂)ရက်နေ့တွင် အသက် (၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ Bachelor ဘွဲ့ရများသည် (၃၁-၁-၂၀၂၂)ရက်နေ့တွင် အသက် (၃၂)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (ဂ) (၁)လအတွင်း ရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်နှင့် သန်းခေါင်စာရင်းမိတ္တူမှန် (မိတ္တူ(၃)ခုပါ မွေးသက္ကရာဇ်တူညီရမည်။)
- (ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
- (င) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းဆေးထောက်ခံစာ။
- (စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ လုပ်ငန်းသဘာဝအရ အင်္ဂလိပ်စာနှင့် ကွန်ပျူတာ ကျွမ်းကျင်သူအား ဦးစားပေးရွေးချယ်မည်။ (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ ရပ်ကွက်/ ရဲစခန်းထောက်ခံစာ။
- (ဆ) (၆)လ အတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်။
- (ဇ) လျှောက်ထားသူ (၁)ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာ လျှောက်ထားရမည်။
- (ဈ) ရွေးချယ်ခံရပါက အနည်းဆုံး(၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး၊ လျှောက်လွှာအချိန်မီစေရန် လျှောက်လွှာတစ်စောင်ကို ကြိုတင်မိတ္တူဟု ရေးသားပြီး၊ ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီး ဌာန(နေပြည်တော်)နှင့် သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန(ရန်ကုန်)၊ အမှတ်(၆)ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ သို့ ပေးပို့နိုင်ပါသည်။

၄။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောလျှောက်လွှာများ၊ အချက်အလက် စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ချက်နှင့်မကိုက်ညီသော လျှောက်လွှာများကို (လုံးဝ)ထည့်သွင်း လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆) ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက်အား ကြိုတင်အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်းနှင့် ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတ ဖြစ်ပါသည်။

၆။ ဖြေဆိုခွင့်ကတ်ပြားများအား ၂၀၂၂ ခုနှစ်၊ မတ်လ(၁)ရက်နေ့မှ (၄)ရက်နေ့အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ရန်ကုန်တွင် ထုတ်ပေးမည်ဖြစ်ပြီး၊ ကာယကံရှင်ကိုယ်တိုင် ဘွဲ့လက်မှတ်/ နိုင်ငံသားစိစစ်ရေးကတ်/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/ အလုပ်သမားမှတ်ပုံတင် မူရင်းများနှင့် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။ ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြေညာထားမည် ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ အကြောင်းကြား၍ လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါကြောင်းနှင့် အခြားသိရှိလိုသော အချက်များရှိပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (တယ်လီဖုန်းနံပါတ် - ၀၁-၆၆၄၈၀၉၊ ၀၆၇-၃-၄၀၄၅၃၈)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ နယ်မြေ (၃)၊ ပြည်တော်အေးလမ်း၊ ကွင်း/ အကွက်အမှတ်နှင့်အမည်-၃၅/မြို့မရပ်၊ ဦးပိုင်အမှတ် (၃၁-က)၊ မြေကွက်အမှတ် (၂၆)၊ ဧရိယာကေ ၀ဒသမ ၁၃၀ကေရှိ ဂရန်အမှုတွဲ အမှတ် (၁၇၁/၂၀၁၉) နှစ် ၃၀ မြေငှားဂရန် မြေနှင့်အဆောက်အအုံအပါအဝင် ပိုင်ရေးဆိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၁-၈-၂၀၁၂ရက်စွဲပါ စာအမှတ် (၂၀၀/၂-၁၅၂)၊ ရေး ၃ အရ ဒေါ်တင်နွဲ့ရီ ၁၂/မဂဒ(နိုင်) ၀၉၅၇၁၇၊ မီဂျေခရစ္စနား (ကွယ်လွန်) ၁၃/တကန(နိုင်)၁၃၂၄၆၅၊ ဒေါ်တင်နွဲ့ရီ (ကွယ်လွန်) ၉/မထလ(နိုင်)၀၄၃၇၈၉နှင့် ဦးစံဝေ (ကွယ်လွန်) (DL.၀၁၆၃၆၀)တို့နှင့် အမွေကြောင်းသက်ဝင်သူများအား အမွေဆက်ခံခွင့်ရှိသူကိုနိုင်ဦး (ကိုယ်စား)၊ ဒေါ်တင်နွဲ့ရီပါ (၂၀)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက (စရန်ငွေ)အချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးခိုင်ထူးအောင်(စဉ်-၁၂၄၀၄) | ဒေါ်အိအိထက်နိုင်(စဉ်-၅၀၈၅၁) | ဦးအောင်အောင်(စဉ်-၅၁၃၃) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ် (၂၃၄)၊ မဟာသုခလမ်းသွယ်၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၈၃၃၄၇၃၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/8404 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

MYANMAR ARTISTS ORGANIZATION CENTRAL

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## ကြေညာချက်

## ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

## တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသို့ တိုက်တွန်းပန်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၆-၂-၂၀၂၂ ရက်စွဲဖြင့် ကြေညာချက်အမှတ် ၁/၂၀၂၂ ကို ထုတ်ပြန်ခဲ့ပါသည်။ ထိုကြေညာချက်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံးတို့သည် မိမိတို့နိုင်ငံ၏ပြည်တွင်းရေးဖြစ်သည့် နိုင်ငံရေးပြဿနာများကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဖြေရှင်းနိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍ ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခြင်းနှင့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့် အခါသမယတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ အချိန်မီ တက်ရောက်ကြပါရန် ဖိတ်ခေါ်ထားခြင်းဖြစ်ပါသည်။

ထိုသို့ ထာဝရ ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားသို့ဖိတ်ကြားသည့် ကြေညာချက် ထုတ်ပြန်ခြင်းကို မြန်မာ နိုင်ငံပန်းချီ ပန်းပုအစည်းအရုံး(ဗဟို) အနေဖြင့် အပြည့်အဝသဘောတူထောက်ခံပါသည်။ သို့အတွက် ထာဝရ ငြိမ်းချမ်းရေးကို ရှေးရှုသည့် ဆွေးနွေးပွဲသို့ တက်ရောက်နိုင်ပါရန်နှင့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားသို့ အချိန်မီ တက်ရောက်နိုင်ကြပါရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးသို့ အလေးအနက်ထား၍ တိုက်တွန်း ပန်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

---

### တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာမြို့နယ်၊ အထက(ရေဝေ) Grade-6 (A)မှ မရတနာဦး၏ ဖခင် ဦးစောဆေးဝါး(ခ)ဦးစောစေးဝါး ၁၂/လကန(နိုင်)၁၇၅၅၇၀မှာ တစ်ဦးတည်း ဖြစ်ပါသည်။

**ဦးစောဆေးဝါး(ခ)ဦးစောစေးဝါး**

### မွေးသက္ကရာဇ်အမှန်

မင်းပြားမြို့နယ်၊ အထက်ငှက်ပျောချောင်း ကျေးရွာနေ မတင်တင်သိန်း၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ၄-၅-၂၀၀၁ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အမှတ် ၁၉၅၉၄၁ဖြင့် အောင်မြင်သည့် မအေးမြတ်စိုး၏ ဖခင် ဦးစိုးခိုင်နှင့် ဦးဦးစောခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မင်းပြားမြို့နယ်၊ ပုလဲပေါက်ကျေးရွာနေ မလှသိန်းဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းမောင် ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အထက(ရေဝေ) တက္ကသိုလ်ဝင်တန်းမှ မောင်နေမျိုးဇော်နှင့် Grade-6(C)မှ မစုပိုပိုအောင်တို့၏ ဖခင် ဦးရဲမင်းနိုင်(ခ)ဦးဇော်လင်းအောင် ၇/ဖမန(နိုင်) ၁၀၅၆၅၉မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးရဲမင်းနိုင်(ခ)ဦးဇော်လင်းအောင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၉၉၃၅၁၊ Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ရဲလင်း ၁၄/ကကန(နိုင်) ၁၄၈ ၃၂၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အထက(ရေဝေ) Grade-6(A)မှ မောင်ဝေယံဦး၏ ဖခင် ဦးရွှေငြိမ်း(ခ)ဦးရွှေညိမ်း ၁၃/ရစန(နိုင်) ၀၈၄၃၀၂ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရွှေငြိမ်း(ခ)ဦးရွှေညိမ်း**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/2801, Toyota Landcruiser PRADO KDJ, S/W (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းထွန်း ၅/မရန(နိုင်)၁၄၀၀၈၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အထက(ရေဝေ) Grade-6(A)မှ မနန္ဒာဦး၏ ဖခင် ဦးငြိမ်းချမ်း(ခ)ဦးငြိမ်းညိမ်း ၉/မထလ(နိုင်) ၂၈၁၈၇၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးငြိမ်းချမ်း(ခ)ဦးငြိမ်းညိမ်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/6385 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**

**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/4736, Mitsubishi Canter FB 70B L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးရွှေ ၉/ရမသ(နိုင်)၁၀၉၉၅၃ က(ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**




### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၅၃)၊ မြေယာအမှတ်(153)၊ မြေရီ ယာ(ဂဒသမ၀၄၆)ကေရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဝင်းအောင် ၉/မမန(နိုင်) ၀၁၆၁၁၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ် (၁၄)၊ ကိုးသောင်းတိုးချဲ့(၂)၊ ဦးပိုင်အမှတ် (၇၈)မှ မြေရေိ ယာ ဂဒသမ၀၅၅ကေရှိမြေသည် မူလတွင် ဦးတင်နိုင်ဦးနှင့် ဒေါ်ဝင်းမာလာတို့အမည်ဖြင့် ၉-၁၂-၂၀၀၃မှ ၈-၁၂-၂၀၃၃ထိ နှစ် ၃၀ မြေငှားဂရန်ရရှိထားရာမှ ၂-၆-၂၀၂၀ရက်တွင် ဒေါ်ဝင်းမာလာမှ ဖော်ပြပါမြေကွက်ကို ဦးညဏ်လင်းကျော်အား စာချုပ်စာတမ်းမှတ်ပုံတင်ပြုလုပ်၍ စာချုပ်အမှတ် (၇၁/၂၀၂၀)ဖြင့်လွှဲပြောင်းရောင်းချပြီးဖြစ်ပါ၍ မြေကွက်ဝယ်ယူသူ ဦးညဏ်လင်းကျော်အမည်ဖြင့် မြေငှားဂရန်အမည် ပြောင်းရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ပြည်မြို့**

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၇)၊ ပဥ္စမတန်း (B)မှ မောင်ရဲရင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း ၉/မထလ(နိုင်)၁၈၁၉၂၂ ဖြစ်ပါကြောင်း။

**ဦးခင်မောင်သန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်လင်မြို့၊ မူလွန်(ဟိုခိုက်)မှ လုပ်သားအထွေထွေ ဒေါ်နန်းမြစိန် ၁၃/လလန(နိုင်)၀၃၀၆၄၇၏ ဖခင် ဦးစန်းဝိလိန်နှင့် ဦးဝိလိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

မိုးကောင်းမြို့နယ်၊ အထက(ပင်းဘော)ကျောင်း Grade (9)(A)မှ မောင်ပြည့်ဖြိုးအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၃-၂၀၀၈ ဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် ပညာရေးမှူးရုံးမှ စာရေး(၁) ဒေါ်နန်းစောနု၏ဖခင် ဦးစိုင်းမြဟန်(ခ)ဦးမြဟန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးစိန်ဝင်း (ဘ) ဦးချစ်လှ ၅/မရန(နိုင်) ၀၄၅၃၄၅မှ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းအုပ်စု၊ ကန သာအေးကွက်သစ်၊ ကွင်းအမှတ်(၁၅၆၀-အရာတော်)၊ အကွက်အမှတ်(၆၈၀)၊ ရေိယာ(ဂဒသမ၀၉၁)ကေနှင့်ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၁၀၆၃/၂၀၁၃)၊ (၁၉-၈-၂၀၁၃)ရက်စွဲဖြင့် ဦးဝင်းဦး(ဘ)ဦးအိုက်ဆင်း ၁၃/ကမန(နိုင်) ၀၅၈၉၁၈ဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၉-၂-၂၀၂၂)ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း ကြေညာလိုက်သည်။

**ဦးဝင်းဦး ၁၃/ကမန(နိုင်) ၀၅၈၉၁၈**

**ဖုန်း-၀၉-၂၁၁၀၉၀**

### အမည်မှန်

မြစ်ကြီးနားမြို့၊ အလယ်မော် ဖောင်းရပ်ကွက်၊ အမှတ် (၄/၁၂၀)နေ ဦးမင်းဇော်တင့် ၅/ရဘန(နိုင်)၁၃၀၄၄၃ ၏သား မောင်အာကာမင်း၏အမည်မှန်မှာ မောင်အောင်ကြီးစံဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ အမက(မွေတော်)မှ မူလတန်းကျောင်းအုပ် ဦးစိုင်းအေးနိုင်(ခ) ဦးအေးနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၇-ခ)၊ အကွက်အမည်-ပုလဲတန်းကွင်း ဦးပိုင်အမှတ်-(၈၃)၊ မြေကွက်အမှတ်၊ ရေိယာ ဂဒသမ ၁၅၀ကေရှိမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ဂျူလီကြိုင်မှ လျှောက်ထားလာသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်သူများရှိပါက ၂၀၂၂ ခုနှစ် မတ် ၁၁ရက်မတိုင်မီ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးအရာရှိ**

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

**စစ်ကိုင်းမြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

